ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ခုနှစ် စက်တင်ဘာ ၇ ရက်၌ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မစ္စတာ လူးဝစ် အင်နာစီရို လူလာ ဒါ ဆီးလ်ဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၆

ပြီးခဲ့သည့် ရက်သတ္တပတ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် အကြမ်းဖက်သမားအချို့၏လုပ်ရပ်ကြောင့် ကျောင်းသားငယ်များအပါအဝင် အပြစ်ကင်းမဲ့သူ လူအများအပြား ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများ ဖြစ်ပွားခဲ့ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရုရှားဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၆

ပြီးခဲ့သည့် ရက်သတ္တပတ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ရှိ စာသင်ကျောင်း တစ်ကျောင်းတွင် အကြမ်းဖက်သမားအချို့၏လုပ်ရပ်ကြောင့် ကျောင်းသားငယ်များအပါအဝင် အပြစ်ကင်းမဲ့သူ လူအများအပြား ထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများ ဖြစ်ပွားခဲ့ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ၊ ဖရက်ကော့ဗ်ထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၁) ဖွင့်ပွဲအခမ်းအနား အပြီးတွင် သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး မနားမနေတည်ဆောက်ပေးနေ

- ❖ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာ အဆင့်အတန်းမြင့်မားမှု အချက်အချာကျ။
- ❖ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတွင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံး ညီမျှသည့် အခွင့်အလမ်းများရစေရန် စီမံဆောင်ရွက်နေ၊
- ❖ နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးမှသည် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေး လုပ်နေသကဲ့သို့ လမ်း၊တံတား၊ဆည်တမံများကိုလည်း မနားမနေတည်ဆောက်ပေးနေ။

နိုင်ငံတော်သစ်ကိုတည်ဆောက်နိုင်ရန် ပညာရေးကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ် ကျောင်းတိုင်းကျောင်းတိုင်း အမျိုးသားပညာရည်မြင့်မားရေးမျှော်မှန်းချက်မော်ကွန်းများ မွန်မြတ်ခိုင်မာစွာစိုက်ထူ ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များ အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်ဖြင့်ဆက်စပ်လုပ်ကိုင်

ရန်ကုန် စက်တင်ဘာ ၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်စေရေး မပြတ်သောအမျိုးသားရေးသတိဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်

မျက်မှောက်ခေတ် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာကြည့်လျှင် နိုင်ငံအချို့သည် ရုပ်ပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများနောက်သို့လိုက်ပါရင်း ဘိုးဘေးဘီဘင်များလက်ထက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအနုပညာများ တိမ်ကော ပပျောက်လာသည်ကို တွေ့မြင်ကြားသိနေရသည်။

တစ်ဆက်တည်းတွင် အနောက်နိုင်ငံကြီးအချို့၊ မသမာသူအဖျက်သမားများနှင့် ဝိသမလောဘသား စီးပွားရေးသမားများက ခေတ်ရေစီးကြောင်း၌ သတိလက်လွတ်မျောပါနေသော လူငယ်အချို့ကိုသွေးဆောင် ဖြားယောင်းပြီး တလွဲအသုံးချနေမှုများကြောင့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးစိတ်ဓာတ်တို့ လျော့ပါးလာမှုအနေအထားများကို နိုင်ငံအချို့တွင်တွေ့ကြုံနေရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စက်တင်ဘာလ ၅ရက်နေ့က ကျင်းပသော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

> **“နိုင်ငံတကာ၌ ဓနအင်အားနှင့်နည်းပညာအရ အသာစီးရရှိနေသည့် အနောက်နိုင်ငံကြီး အချို့က ၎င်းတို့၏ ဓလေ့စရိုက်များကို စီးပွားရေးနှင့် ယဉ်ကျေးမှုတံခါးပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သွတ်သွင်းထိုးဖောက် လွှမ်းမိုးနိုင်စေရန် ကြိုးပမ်း လုပ်ဆောင်လျက်ရှိရာ ပြည်ထောင်စု မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို မပြတ်သော အမျိုးသားရေးသတိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ဦး မည်ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

အနာဂတ်ကာလတွင် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ တိမ်ကော ပပျောက်အောင် ထိုးဖောက်ဖျက်ဆီးမှုများကြောင့် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားထိခိုက် ပျက်ပြားကာ သူတစ်ပါးဩဇာအာဏာ လောင်းရိပ်အောက်သို့ ကျရောက်မသွားစေရန်အတွက် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို နိုင်ငံအများက အလေးထားလုပ်ဆောင် နေကြသည်။

ယင်းသို့သော အခြေအနေ အချိန်အခါတွင် မြန်မာနိုင်ငံ၌ အဆင့်အတန်း မြင့်မားလှသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေး တန်ဖိုးများကို ယနေ့ထက်တိုင် မပျောက်မပျက် မယိုမယွင်း ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများအပါအဝင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့်ပင် ဖြစ်ပေသည်။

ထိုကဲ့သို့သော အစဉ်အလာကောင်းများ ဖြစ်ထွန်းနေခြင်းနှင့်အတူ အမျိုးသားယဉ်ကျေးမှု အနုပညာ ရပ်များကို မြတ်နိုးထိန်းသိမ်းသော မျိုးဆက်သစ် လူငယ်လူရွယ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးဆိုသည့် အမျိုးသားရေး လက္ခဏာဆောင်သည့် အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေရန် စဉ်ဆက်မပြတ် ကြိုးပမ်းကြရမည် ဖြစ်သည်။

သို့မှသာ မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွား အားထားစိတ်နှင့် အမျိုးသားရေးစိတ်ဓာတ် အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသည့် မွန်မြတ်သောစိတ်ဓာတ် များ ပိုမိုထက်သန်ခိုင်မာလာမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းက ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့်ယဉ်ကျေးမှုအနုပညာ များ မတိမ်ကော မပပျောက်စေရေး အတွက် မိမိတို့၏အမျိုးသားယဉ်ကျေးမှုများကို မပြတ်သောအမျိုးသား ရေးသတိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်း မြှင့်တင်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၇-၉-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Question of Savings in Micro Finance Systems (အိမ်တွင်းစီးပွား)
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”** (အပိုင်း–၂၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နှင့် ရန်နိုင်ဓား”** (အပိုင်း–၆)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရဋ္ဌပါလ ဓမ္မဃောသကအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ရဋ္ဌပါလဓမ္မဃောသကအဖွဲ့၏ ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက နိုင်ငံခြားရေး ဝန်ကြီးဌာန မဟော်သဓာခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်ပင့်သံဃာတော်များ၊ ရဋ္ဌပါလဃောသကအဖွဲ့၏နာယက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့်ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ အခြေခံသံတမန် သင်တန်း အမှတ်(၁)မှ (၁၁)အထိနှင့် အဆင့်မြင့် သံတမန် သင်တန်းအမှတ်စဉ် (၁/၂)သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး – မြောင်းမြ) က ဆောင်ရွက်၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ သီလဆောက်တည်ကြပြီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ **(က–ပ)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်ကျောင်းတွင် ဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်း စုပေါင်း ဆက်ကပ်ပွဲနှင့် အသက် (၇၅) နှစ်အထက် သက်ကြီးအဘိုးအဘွားများအား ပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက် (စက်တင်ဘာ ၅ ရက်)တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဝါဆိုသင်္ကန်းနှင့် သက်ကြီးပူဇော်ပွဲတွင် မြို့နယ်အသင်းနာယကများ ဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများက သက်ကြီးအဘိုးအဘွား၅၀ကို အသင်းသူ အသင်းသားများက စုပေါင်းကန်တော့ကြပြီး ဒေါ်ခင်လှကြီးနှင့် သောကြာစာစောင် အယ်ဒီတာချုပ် ဖိုးသောကြာတို့က ကျေးဇူးတင်စကားများ ပြောကြားပြီး သာသနာရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ဩဝါဒစကား ပြောကြားသည်။ **(က–ပ)**

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်နှင့် ပခုက္ကူနိကာယအဖွဲ့သို့ မော်တော်ယာဉ်တစ်စီးနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း ရှမ်းတန်း သရက်တောရပ်ကွက်နေ အလှူရှင်ဒါယိကာမ ဒေါ်အေးမြင့်၊ ဒေါ်အုန်းမြင့် ညီအစ်မတို့က ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးနှင့် ပခုက္ကူနိကာယအဖွဲ့သို့ ၎င်းတို့ပိုင်ဆိုင်သည့် ငွေကျပ်သိန်း ၄၀တန် မော်တော်ယာဉ်တစ်စီး၊ ရွှေ ၁၅ ကျပ်သားအပါအဝင် ငွေကျပ်ရှစ်သိန်းတို့ကို သာသနာတော်ထွန်းကား ပြန့်ပွားရေး အတွက်ရည်မှန်း၍ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက်တွင် ရွှေတောင်မြို့ မြို့နယ်သံဃနာယက အဖွဲ့ရုံး၌ကျင်းပရာ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ ဒုတိယနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိစာရ၊ ပြည်မြို့မူလတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ရှင်တစ်ထောင်ဆရာတော် ဘဒ္ဒန္တကုလာသဘ၊ ရွှေတောင်မြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ဆရာတော်၊ သံဃာတော်များ၊ တိုင်း၊ မြို့နယ် သာသနာရေးဦးစီးမှူးများ၊ ပခုက္ကူ နိကာယ ဂေါပက အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူလတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ ရှင်တစ်ထောင် ဆရာတော်ဘဒ္ဒန္တကုလာသဘထံမှ အလှူရှင်နှင့်ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ငွေကျပ်သိန်း ၄၀ တန် မော်တော်ယာဉ်တစ်စီး၊ ရွှေ ၁၅ကျပ်သားအပါအဝင် ငွေကျပ်ရှစ်သိန်းတို့ကို အလှူရှင်ဒေါ်အေးမြင့်နှင့်ဒေါ်အုန်းမြင့်ညီအစ်မတို့ကပေးအပ်လှူဒါန်းရာ ပခုက္ကူနိကာယဂေါပကအဖွဲ့ဝင်များက လက်ခံကြကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဥပုသ်နေ့နှုိးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး။
- မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး။
- မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နယ်စပ်/စည်ပင်ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၄ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့သို့ရောက်ရှိပြီး သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ သထုံမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်က မြို့နယ်၏ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်းတံတားနှင့် ရေပေးရေးအခြေအနေ၊ ကျေးလက်လမ်းတံတားနှင့်ရေပေးရေးအခြေအနေ၊ မြို့သာယာလှပရေးဆောင်ရွက်မှု၊ ဝင်ငွေလျာထားချက်၊ စည်းကြပ်ကောက်ခံပြီး အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်မှမြို့ပြသာယာလှပရေးအတွက် လမ်းဘေးကပ်တုံးများပြုလုပ်ဆောင်ရွက်နေမှုနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့သို့ ရောက်ရှိပြီး ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်တို့က ဘားအံ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက မြို့ရေပေးရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ၅ရက်တွင် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသောမြို့စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရည်ရွယ်ချက်ရှင်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဘားအံ) သို့ရောက်ရှိရာ ကျောင်းအုပ် ဒေါ်ကြည်ကြည်လွင်က သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချနေသောအခြေခံ၊ စက်ချုပ်သင်တန်း အမှတ်စဉ်(၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၃)နှင့် မုန့်လုပ်နည်းသင်တန်းများ၏ သင်ကြားပို့ချနေမှုကို ရှင်းလင်းပြသရာ ဝန်ကြီးက ကြည့်ရှုစစ်ဆေးပြီး အိမ်တွင်းမှု သင်တန်းကျောင်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများက သင်တန်းကျောင်းရှိ ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဘားအံတက္ကသိုလ် သွားလမ်း ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှု**(အပေါ်ပုံ)**၊ တက္ကသိုလ်အတွင်း စက်ရေတွင်းတူး ဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့် ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ကာလိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းစာပညာသင်တန်းသား သင်တန်းသူများ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံလေ့လာ

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်လေ့လာကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ သင်တန်းသား သင်တန်းသူများအား စက်ရုံအတွင်းရှိ စာအုပ်ချုပ်ခန်း၌ စက်ရုံမှူးဦးဟန်စိန်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး စက်ရုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် သင်တန်းသား သင်တန်းသူများသည် ပတ်လည်စက်ခန်း၊ ဓာတ်ပုံလုပ်ငန်းစဉ် အဆင့်ဆင့် ပြုလုပ်ခန်း(Prepress)တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင် ကိုမိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အာဟာရကျွေးမွေး

ရန်ကုန် စက်တင်ဘာ ၆

ဒဂုံမြို့သစ်(တောင်ပိုင်း) ၇၁ ရပ်ကွက်အတွင်းရှိ အမက(၁၂)ကျောင်းတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် အာဟာရကျွေးမွေးရာ အလှူရှင်များဖြစ်ကြသော ဘိုးဘိုးဦးအောင်ဖေ–ဘွားဘွားဒေါ်နှင်းဥ၊ ဖေဖေဦးခင်ဝေ–မေမေဒေါ်အေးအေးသန့်တို့က ပထမတန်းကျောင်းသူ သမီးလေး မဇင်မာဝေ၏ မွေးနေ့အဖြစ် ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်နှင့် ဆရာဆရာမများက အုန်းနို့သာဂူတိုက်ကျွေးကြသည်။

(က–ပ)

ဆေးတက္ကသိုလ်(၁)ရန်ကုန်ကျောင်းသားကျောင်းသူဟောင်းများ အနှစ်(၄၀)ပြည့်အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ၁၉၆၄ ခုနှစ်မှစတင်ဝင်ရောက်ပညာသင်ယူခဲ့ကြသော ဆေးတက္ကသိုလ်(၁)၊ သွားဘက်ဆိုင်ရာတက္ကသိုလ်၊ တိ–မွေး/ကု တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉၆၄–၂၀၀၄ အနှစ်(၄၀)ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၈ရက်(စနေနေ့)တွင်ကျင်းပရန် နာယက ဒေါက်တာဒေါ်တင်လင်းမြင့် (ညွှန်ကြားရေးမှူး၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန)၊ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မွန် (ပါမောက္ခချုပ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်)၊ အတွင်းရေးမှူးဒေါက်တာဦးမြင့်အောင်ခင်တို့ပါဝင်သော ကျင်းပရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါက်တာမြင့်အောင်ခင် ဖုန်း–၀၁–၆၂၉၃၆၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း–၀၁–၃၇၅၈၆၄၊ ဒေါက်တာအေးမြင့် ဖုန်း–၀၁–၇၀၄၅၆၁၊ ဒေါက်တာမြပွင့်အေး ဖုန်း–၀၁–၅၇၂၅၇၃၊ ဒုတိယဗိုလ်မှူးကြီးစောမောင် ဖုန်း–၀၁–၅၅၄၄၇၆၊ ပါမောက္ခဒေါက်တာစိန်မြင့် ဖုန်း–၀၉–၆၉၇၁၀၄၂တို့သို့ ဆက်သွယ်၍ ကိုယ်ရေးမှတ်တမ်းများ၊ အလှူငွေများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အီရတ်စစ်ပွဲသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်

ဘာလင် စက်တင်ဘာ ၄

အီရတ်စစ်ပွဲသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည်ဆိုသောစကားကို ဂျာမနီစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးဝန်ကြီး ဟေဒီမာရီဝီဇိုရက်ခ်ဇီအာလ်က ပြောကြားခဲ့သဖြင့် ၎င်းသည် သောကြာနေ့၌ ဝေဖန်ပြစ်တင်ခြင်းခံခဲ့ရသည်။ သူ၏ပြောဆိုချက်သည် အမေရိကန်ပြည်ထောင်စုနှင့် ဂျာမနီနိုင်ငံတို့၏ ဒဏ်ရာဟောင်းကို ပြန်ဆွပေးသကဲ့သို့ရှိသည်ဟု ဆိုသည်။

တိုက်တွန်း

ထိုသို့ ပြောဆိုခဲ့မှုအပေါ် ဂျာမနီနိုင်ငံ၏အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက ၎င်းအား ပြစ်တင်ရန် ဝန်ကြီးချုပ် ဂါဟာ့ဒ်ရှရိုဒါအား တိုက်တွန်းခဲ့သည်။

ဒုက္ခဖြစ်စေ

ဝီဇိုရက်ခ်ဇီအယ်သည် ဗုဒ္ဓဟူးနေ့ ညက ပြောကြားသော သူ၏မိန့်ခွန်းတွင် အီရတ်စစ်ပွဲသည် လူသားတို့အား အလွန်ဆိုးရွားသော ဒုက္ခဆင်းရဲခြင်းကိုဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ယင်းသည် တကယ်စစ်မှန်သော ရာဇဝတ်မှုပင်ဖြစ်ကြောင်း ရှရိုဒါ၏ ဆိုရှယ်ဒီမိုကရက်(အက်စ်ပီဒီ)ပါတီ၏ လက်ဝဲပါတီဝင် ဝီဇိုရက်ခ်ဇီအယ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကင်းလှည့်ပျံသန်း

ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဒေသအပေါ်တွင် ကင်းလှည့်ပျံသန်းနေသော အမေရိကန် အပါချီစစ်ရဟတ်ယာဉ်များကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်မလေးရှား ဆက်ဆံရေးတိုးတက် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိ

ပေကျင်း စက်တင်ဘာ ၅

တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)မှ ဝါရင့် တာဝန်ရှိပုဂ္ဂိုလ်က ပေကျင်းမြို့၌ စနေနေ့က ပြောကြားလိုက်သည်။

စီပီစီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် လော်ဂမ်က စည်းလုံးညီညွတ်သော မလေးရှားအမျိုးသားအဖွဲ့၊ မလေးရှား တရုတ်အသင်း၊ မလေးရှား-အိန္ဒိယကွန်ဂရက်နှင့် မလေးရှားပြည်သူ့ပါတီ၏ ကိုယ်စားလှယ်များနှင့်တွေ့ဆုံစဉ် အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်သတင်းအကျဉ်း

- ❒ **၂၀၀၃ ခုနှစ် မတ်လမှစပြီး ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု ၁၀၀၀နီးပါးရှိလာ။**
- ❒ **အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တာလ်အာဖာ၌ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွား။**
- ❒ **အီရတ်စစ်ပွဲသည် တကယ်စစ်မှန်သော ရာဇဝတ်မှုဖြစ်။**
- ❒ **အီရတ်ရဲစခန်းများ ဗုံးခွဲ တိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင်အသစ်စုဆောင်းရေးအဟန့်အတားဖြစ်ရ။**
- ❒ **၂၀၀၄ခုနှစ် ဩဂုတ်လ အတွင်း ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်နှင့် မရိန်းတပ်ဖွဲ့ဝင်ဦးရေ ၁၁၀၀ ရှိခဲ့။**
- ❒ **အီရတ်တောင်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်း ဖောက်ခွဲခံခဲ့ရမှုကြောင့် မီးလောင်။**
- ❒ **အီရတ်နိုင်ငံအနှံ့ တိုက်ပွဲများနှင့် အသေခံကားဗုံးခွဲမှုများဖြစ်ပွား။**

၂၀၀၃ခုနှစ်မတ်လမှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀နီးပါးရှိလာ

ဝါရှင်တန် စက်တင်ဘာ ၅

အီရတ်ကြားဖြတ်အစိုးရဖွဲ့စည်းပြီးခဲ့ချိန်မှစပြီး နှစ်လအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည်အန္တရာယ်နှင့်ရင်ဆိုင်နေရပြီး ယခုအခါ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၀နီးပါးအထိ ရှိလာပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ဝန်ကြီးချုပ် အီယက်၌ အာလာဝီ ဦးဆောင်သောအီရတ်ကြားဖြတ်အစိုးရအား ဇွန်၂၈ရက်၌ အချုပ်အခြာအာဏာ ပြန်လွှဲခဲ့ရာ သိမ်းပိုက်မှုတရားဝင် အဆုံးသတ်ခဲ့သည်။

စစ်မြေပြင်ဖြစ်

သို့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင် ၁၃၇၀၀၀ကျော်နှင့် အပေါင်းပါနိုင်ငံခြားတပ်ဖွဲ့ဝင် ၂၃၀၀၀တို့သည် အာလာဝီ၏အီရတ်အစိုးရကိုကာကွယ်ရန်ဆိုပြီး အီရတ်၌ ရှိမြဲရှိခဲ့ကြရာ ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲများဆက်ဖြစ်ပွားနေသဖြင့်နိုင်ငံ၏အများအပြားသည် စစ်မြေပြင်ဖြစ်ခဲ့သည်။

ပြောကြား

၂၀၀၃ခုနှစ်မတ်လမှစပြီး အီရတ်၌ သေဆုံးသော တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၄ခုနှစ် စက်တင်ဘာလ ၃ရက် သောကြာနေ့ရောက်ချိန်တွင် ၉၇၆ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ရဲစခန်းများ ဗုံးခွဲတိုက်ခိုက်ခြင်းခံနေရမှု ရဲတပ်ဖွဲ့ဝင်သစ် စုဆောင်းရေး အဟန့်အတားဖြစ်

ကယ်ကွတ် စက်တင်ဘာ ၅

အီရတ်နိုင်ငံတစ်ဝန်းလုံးရှိ ရဲစခန်းများအား ခုခံတိုက်ခိုက်ရေးသမားတို့က ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ကြပြီး အီရတ်အရာရှိများကိုလည်း ကားမောင်းရင်း သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြသည်။ထို့ပြင် ရဲတပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနများကိုလည်း စိန်ပြောင်းများ၊ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ကြသဖြင့် ထိတ်လန့်ကြောက်ရွံ့မှုဖြစ်သော ရဲအဖွဲ့ဝင်များ ပိုများလာခဲ့ရာ ရဲတပ်ဖွဲ့ဝင်သစ်စုဆောင်းရေးလုပ်ငန်း အဟန့်အတားဖြစ်ခဲ့ရသည်။

၂၀၀၃ခုနှစ် ဧပြီလမှ ၂၀၀၄ခုနှစ် မေလအထိသေဆုံးခဲ့ရသောရဲတပ်ဖွဲ့ဝင် ၇၁၀ သေဆုံးခဲ့ရသည်။ စနေနေ့ကလည်း ကယ်ကွတ်ရှိ အီရတ်ရဲအတတ်သင်ကျောင်းကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူ၂၀သေဆုံးပြီး ၃၆ ဦး ဒဏ်ရာရခဲ့သည်။ ရာပေါင်းများစွာသော ရဲသင်တန်းသားများနှင့် အရပ်သားများ အိမ်ပြန်ကြဖို့ ပြင်ဆင်နေချိန် ထိုသို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာချဲ့ထွင်မှု တရုတ် ကြိုးပမ်းမည်မဟုတ် အာရှနိုင်ငံရေးအဖွဲ့အစည်းများ၏ နိုင်ငံတကာညီလာခံ၌ တရုတ်ဒုတိယသမ္မတပြောကြား

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံသည် ဗိုလ်ကျစိုးမိုးမှုနှင့် ဩဇာချဲ့ထွင်မှုကို ကြိုးပမ်းမည်မဟုတ်ကြောင်း သောကြာနေ့၌ အာမခံပြောကြားလိုက်ပြီး ကုန်သွယ်ရေး အတားအဆီးများကို ဖြည်းဖြည်းချင်းဖယ်ရှားခြင်းဖြင့် အာရှနိုင်ငံများအတွင်း စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်မှုကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့သည် အာရှတွင်ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ကြီးပွားရေးကို အစဉ်အမြဲကထားမည်ဖြစ်ကြောင်း၊မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့်ပေါင်းဖက်မှုကို ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်ဒုတိယသမ္မတ ကျန်ကျင်ဟောင်က အာရှနိုင်ငံရေးအဖွဲ့အစည်းများ၏ တတိယအကြိမ် နိုင်ငံတကာဆိုင်ရာညီလာခံဖွင့်ပွဲ၌ ပြောကြားသည်။

အစည်းအဝေးသို့ အိန္ဒိယနိုင်ငံရေး အဖွဲ့အစည်းများဖြစ်သော ကွန်ဂရက်၊ ဘာရာတီယာဂျာနာတာနှင့် အိန္ဒိယကွန်မြူနစ်ပါတီ အဖွဲ့အစည်းနှစ်ဖွဲ့အပါအဝင် နိုင်ငံရေးအဖွဲ့အစည်း ၈၀ကျော်ကို ကိုယ်စားပြုသော နိုင်ငံ၃၄နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်အေ၊ပီတီအိုင်

ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများ တာလ်အာဖာ၌ တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၅

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့၏ အနောက်ဘက်ရှိ တာလ်အာဖာတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသဖြင့် အီရတ်ရှစ်ဦးသေဆုံးပြီးအခြား၄၀ဒဏ်ရာရခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

ဖြစ်ပွား

ထိုဒေသ၌ ရှာဖွေရေးလုပ်ရန် အမေရိကန်တင့်ကားများ အလောသုံးဆယ်ရောက်လာရာမှ စနေနေ့ နံနက်ပိုင်း၌ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရသူများ ဆေးရုံသို့ရောက်လာဆဲရှိရာ ထိခိုက်သေဆုံးသူအရေအတွက် ထပ်တိုးလာဖွယ်ရှိကြောင်း ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။ သေနတ်သံများ၊ ပေါက်ကွဲသံများကိုကြားရပြီး တိုက်ခိုက်ရေး ရဟတ်ယာဉ်များ ပျံဝဲနေကြောင်း မျက်မြင်တွေ့ ရှိသူများက ပြောကြားသည်။

ဒဏ်ရာရ

ထိုအတောအတွင်း ရဟတ်ယာဉ်ပေါ်လိုက်ပါသူ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသဖြင့် တိုက်ပွဲဖြစ်ပွားရာ နေရာအနီး၌ မြေပြင်သို့ အတင်းဆင်းခဲ့ရသည်ဟု အမေရိကန်စစ်ဘက် ပြောခွင့်ရှိသူက ပြောကြားသည်။

ဘာကြောင့် အရေးပေါ်ဆင်းရသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရဟု ဆိုသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မိုဆူးလ်မြို့အနီး တာလ်အာဖာအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် အောင်ပွဲခံနေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအနှံ့ တိုက်ပွဲများနှင့်အသေခံကားဗုံးခွဲမှုများဖြစ်ပွား ကယ်ကွတ်၌ အသေခံကားဗုံးခွဲမှုကြောင့် ၂၅ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၅

အီရတ်နိုင်ငံအနှံ့တွင် စနေနေ့က တိုက်ပွဲဖြစ်ပွားမှုနှင့် အသေခံဗုံးဖောက်ခွဲမှုကြောင့် လူ ၅၀ထက်မနည်း သေဆုံးသွားခဲ့သည်။

အသေအပျောက်အများဆုံးမှာ ကယ်ကွတ်၌ ဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး ထက်မနည်း သေဆုံးပြီး ၄၀ ထက်မနည်း ဒဏ်ရာရခဲ့သည်။

ဖောက်ခွဲ

အသေခံဗုံးခွဲသူတစ်ဦး မောင်းနှင်လာသော ဖောက်ခွဲရေးပစ္စည်းများပါသည့်ကားကို အီရတ်ရဲသင်ပွဲကျောင်းနားအရောက် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ထိုကားပေါက်ကွဲသွားချိန်တွင် နောက်ဗုံးတစ်လုံးကို အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့သည်။

ယခု တိုက်ခိုက်မှုသည် အိမ်ပြန်ကြတော့မည့် အီရတ်ရဲအဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဝင်ရောက်စီးနင်း

လတ်တီဖီယာမြို့၌ အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ရာ ရဲ၁၆ဦး သေဆုံးပြီး ၂၀ဒဏ်ရာရကြောင်း ကယ်ကွတ်ရှိ ရဲမှူးကြီး ဆာဟက်ကာဒီယာအား ကိုးကားလျက် အေပီကရေးသားခဲ့သည်။ အီရတ်ရဲအဖွဲ့နှင့် အမျိုးသားအစောင့်တပ်တို့က လတ်တီဖီယာမြို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု သိရသည်။

(အင်တာနက်)

ပျက်စီး

ကယ်ကွတ်မြို့တွင် ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနပိတ်ပင်မှု မခံမရပ်နိုင် တုံ့ပြန်ပြောကြား

ဘဂ္ဂဒက် စက်တင်ဘာ ၅

အီရတ်နိုင်ငံ၌ အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာန၏ သတင်းရယူရေးလုပ်ငန်းကို အီရတ်ကြားဖြတ်အစိုးရက တိုးချဲ့ပိတ်ပင် တားမြစ်လိုက်ခြင်းအား အယ်လ်ဂျာဇီရာက မခံမရပ်နိုင်ဖြစ်ကာ ရုတ်တရက်တုံ့ပြန်ပြောကြားခဲ့သည်။

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်ရှိ အယ်လ်ဂျာဇီရာ ရုံးခန်းထဲသို့ အတင်းဝင်ရောက်ခဲ့ပြီး ဖရောင်းများဖြင့် ရုံးခန်းကို ချိပ်ပိတ်လိုက်ကြသည်။

အီရတ် ကြားဖြတ်အစိုးရ၏ ဆုံးဖြတ်ချက်ကို မခံမရပ်ဖြစ်ကြောင်း၊ အီရတ်ကြားဖြတ်အစိုးရ၏ ပိတ်ပင်ချက်သည် သတင်းစာနှင့်ပတ်သက်၍ ပေးထားသည့်ကတိနှင့် သဟဇာတမဖြစ်ကြောင်း အယ်လ်ဂျာဇီရာက တုံ့ပြန်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဒဏ်ရာရအမေရိကန်တပ်ဖွဲ့ဝင်နှင့် မရိန်းတပ်ဖွဲ့ဝင်ဦးရေ ဩဂုတ်လအတွင်း ၁၁၀၀ ရှိခဲ့ရာ အများဆုံးဒဏ်ရာရသောလတစ်လဖြစ်

ဝါရှင်တန် စက်တင်ဘာ ၅

၂၀၀၃ခုနှစ်၌ အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှစပြီး တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်ဖွဲ့ဝင်တို့၏ အရေအတွက်သည် ဩဂုတ်လအတွင်း ၁၁၀၀ခန့်ရှိခဲ့ရာ မည်သည့်လထက်မဆို အများဆုံးဖြစ်ခဲ့သည်ဟု ဝါရှင်တန်ပို့စ်က တနင်္ဂနွေနေ့၌ ရေးသားဖော်ပြလိုက်သည်။

နာဂျက်ဖ်နှင့် အခြားမြို့ကြီးများတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်ဖွဲ့ဝင်များ သုံးပတ်ကျော်မျှ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာမှ အမေရိကန်တပ်ဖွဲ့ဝင်နှင့် မရိန်းတပ်ဖွဲ့ဝင်များ၏ ဒဏ်ရာရရှိသူ အရေအတွက်သည် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

နာဂျက်ဖ်နှင့် အနီးရှိ ကူဖာမြို့တို့သည် အယာတိုလာအယ်လ်စစ္စတာနီ၏ ကြိုးပမ်းမှုဖြင့် ဩဂုတ်လကုန်၌ ငြိမ်းချမ်းရေး သဘောတူချက်ရခဲ့ချိန်မှစပြီး ငြိမ်သက်နေခဲ့သည်။

ဆက်လက်ဖြစ်ပွား

သို့သော်လည်း အမေရိကန်တပ်များက အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား ဆက်လက်တိုက်ခိုက်နေမှုကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။

(အင်တာနက်)

ကမ္ဘာဂြိုဟ်မှအပ စကြဝဠာအတွင်း၌ အခြားသက်ရှိများရှိမရှိ သိပ္ပံပညာရှင်များ စူးစမ်းလေ့လာလျက်ရှိ

ဒီဗွန် စက်တင်ဘာ ၅

စကြဝဠာ အတွင်း ကမ္ဘာပေါ်ရှိ သက်ရှိများမှအပ အခြားသက်ရှိများ ရှိ၊ မရှိဆိုသည်ကို အမြဲတစေ စူးစမ်းလေ့လာလျက်ရှိကြရာတွင် အနီးကပ်ဆုံး ရှာဖွေနိုင်သောနေရာသည် အင်္ဂါဂြိုဟ်ဖြစ်သည်ဟု ယုံကြည်ကြသည်။ အင်္ဂါဂြိုဟ်၌ လူသားတို့ နေထိုင်နိုင်ရေးကိုပါ စိတ်ဝင်စားနေကြသည့် သိပ္ပံပညာရှင်များက ကနေဒါနိုင်ငံအနီး၌တည်ရှိသော ဒီဗွန်ကျွန်းအား အင်္ဂါဂြိုဟ်အနေအထား ပတ်ဝန်းကျင်နှင့် တူညီမှုရှိသည်ဟု သတ်မှတ်ထားကြသည်။ ထိုကျွန်းသည် လူသူနေထိုင်ခြင်းမရှိသော အကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်ကာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၃သန်းခန့်က ကြီးမားသည့် ဥက္ကာပျံသို့မဟုတ် ကြယ်တံခွန်သည် ကမ္ဘာကြီးနှင့်တိုက်မိရာမှ ပေါ်ပေါက်လာသော ကုန်းမြေဖြစ်သည်ဟုဆိုသည်။ ကျွန်းပေါ်၌ နာဆာအဖွဲ့၊ ကနေဒါအာကာသ အေဂျင်စီနှင့် အခြားစေတနာရှင်များ၏လှူဒါန်းငွေဖြင့် သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ် လေ့လာရေးစခန်း ဖွင့်လှစ်ထားသည်။ ၎င်းအခြေစိုက်စခန်း၌ တခြားဂြိုဟ်ပေါ်တွင် နေထိုင်လုပ်ကိုင်နိုင်မည့် နည်းပညာကို သုတေသနပြု စမ်းသပ်လျက်ရှိသည်။ **(စီအင်န်အင်န်)**

ကယ်ကွတ်နှင့် ဘေဂျီမြို့အကြား ဆက်သွယ်ထားသော ရေနံပိုက်လိုင်း တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တောင်ပိုင်းရှိ ရေနံပိုက်လိုင်းဖောက်ခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၅

အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်းအား ခုခံတိုက်ခိုက်ရေးသမားများက စနေနေ့နံနက်ပိုင်း၌ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းခဲ့ကြောင်း အီရတ်ရဲအရာရှိနှင့် ရေနံအရာရှိများက ပြောကြားသည်။

ဖြစ်ပွား

တိုက်ခိုက်မှုသည် ဘာဆာရာမြောက်ဘက် ကီလိုမီတာ ၃၀ခန့်ရှိ အယ်လ်ဟာသာဒေသအနီးတွင် နံနက် ၈နာရီခွဲခန့်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အီရတ်ရဲအဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများနှင့် ကြားဖြတ်အစိုးရ ပျက်ပြားစေရန်အတွက် အီရတ်၏ အရေးကြီးသောရေနံလုပ်ငန်းကို ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ

အာဆီယံ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ အက်ဖ်တာဆွေးနွေးပွဲ လာမည့်နှစ်တွင် ပြုလုပ်မည်

ဂျာကာတာ စက်တင်ဘာ ၅

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လာမည့်နှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ကုန်သွယ်မှုကင်းလွတ်ရေးဒေသ(အက်ဖ်တာ)အပေါ် ဆွေးနွေးပွဲများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း စနေနေ့က ဂျာကာတာ၌ ကြေညာလိုက်သည်။

အာဆီယံနှင့် ဂျပန်တို့သည် ၂၀၀၅ခုနှစ်ဧပြီလတွင် အက်ဖ်တာအပေါ် စေ့စပ်ဆွေးနွေးမှုများစတင်ရန် သဘောတူထားကြောင်း၊ နှစ်နှစ်အတွင်း စေ့စပ်ဆွေးနွေးမှုများပြီးဆုံးရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ရင်နီဆိုဝမ်ဒီက ဂျပန်၊ တောင်ကိုရီးယား၊ အာဆီယံ ကုန်သွယ်ရေးဝန်ကြီးများတက်ရောက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သဘောတူ

တောင်ကိုရီးယားသည် ၂၀၀၅ခုနှစ်ဇန်နဝါရီတွင် အက်ဖ်တာဆွေးနွေးမှုများအပေါ် စတင်ဆောင်ရွက်ရန် သဘောတူထားပြီး နှစ်နှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်သည်။

ဆောင်ရွက်မည်

၂၀၀၉ခုနှစ်တွင် အက်ဖ်တာ၏ နားလည်သဘောပေါက်မှုများဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်နီက ပြောကြားသည်။

ပြောကြား

အာဆီယံဝန်ကြီးများနှင့် တရုတ်–ဂျပန်နှင့် တောင်ကိုရီးယားမှ ဝန်ကြီးများ အဆိုပါနေ့စောစောပိုင်းက ဆွေးနွေးစဉ်အတွင်း သူမက အထက်ပါအတိုင်း ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံအနေဖြင့် အက်ဖ်တာဆောင်ရွက်မှုများကို ၂၀၁၂တွင် အာဆီယံမူလခြောက်နိုင်ငံနှင့် စတင်ဆောင်ရွက်မည်ဖြစ်သည်။

မျှော်လင့်

၂၀၁၇ခုနှစ်တွင် ကျန်အာဆီယံအဖွဲ့ဝင်သစ် လေးနိုင်ငံနှင့် အက်ဖ်တာဆောင်ရွက်မှုများ ပြုလုပ်မည်ဟု မျှော်လင့်ရကြောင်း ယမန်နှစ်က ဂျပန်–အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ဂျပန်ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ-အမေရိကန် နှစ်နိုင်ငံဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း

လမ်းမတော် ကျော်ခေါင်

မူးယစ်ဆေးဝါးပြဿနာသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် လူမှုရေးစံနှုန်းများကို ထိပါးနစ်နာစေရုံသာမက ကမ္ဘာ့လူသားအားလုံးကိုပါ အန္တရာယ်ပြုနေပြီး ရိုးသားဖြူစင်သည့် တောင်ပေါ်နေ တိုင်းရင်းသားလူမျိုးများနှင့် ဆက်စပ်နေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် သိမ်မွေ့နက်ရှိုင်းစွာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားစီမံဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စများမှာနိုင်ငံတစ်နိုင်ငံ၏ အဝန်းအဝိုင်းအတွင်းသာ ဖြစ်ပျက်နေသည်မဟုတ်ဘဲ အချုပ်အခြာ အာဏာပိုင် နိုင်ငံများ၏ နယ်နိမိတ်များအားကျော်လွန်ကာ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုများပြုလုပ်နေသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသခွဲနှင့် ဒေသခွဲအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်း၍ အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးသည့်နေရာများတွင် ဒေသအလိုက် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်း လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်လိုကြောင်း ကမ်းလှမ်းလာမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် လက်ခံခဲ့ပြီး အမေရိကန်ပညာရှင်များနှင့် ပူးပေါင်း၍ တိုင်းတာလေ့လာမှုများကို ၁၉၉၃ခုနှစ်တွင် စတင်ပြုလုပ်ခဲ့သည်။

ပထမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းကို ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၉ရက်နေ့အထိ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲ၊ ရှောက်မိုးညဲ၊ ရှောက်ဟော်၊ လုံထန်၊ လွယ်ပင်းရဲ၊ မုံးစီးနယ်မြေများ၊ ကွမ်းလုံမြို့နယ် ကာမိုင်း၊ ပန်လုံဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ဆီလူးဒေသ၊ မိုင်းခတ်မြို့နယ် ဝမ်လာဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပင်လောင်း၊ မိုးဗြဲဒေသ၊ ဟိုပုံးမြို့နယ် မိုင်းအင်ဒေသများရှိ ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများကို ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းဖျန်မြို့နယ်၊ ကျိုင်းတုံမြို့နယ် မိုင်းအင်-မိုင်းရှန်နယ်မြေ၊ မိုင်းပန်မြို့နယ် ပန်တန်နယ်မြေ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ် ရှောက်ဟော်၊ လုံထန်၊ မန်ခိုပျင်းနယ်မြေ၊ ကွမ်းလုံမြို့နယ် လွယ်ပင်းရဲ၊ပန်လုံနယ်မြေများရှိ ဘိန်းခင်းများကို သွားရောက်ဆောင်ရွက်ခဲ့သည်။

တတိယအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်း လုပ်ငန်းများကို ၁၉၉၇ခုနှစ် မတ်လ ၉ရက်နေ့မှ ၁၃ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်တန်းဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့နယ်၊ မိုင်းခုတ်ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် ကိုးကန့်ဒေသ ကုန်းကြမ်းမြို့နယ်၊ မုံးကိုးဒေသ ပေါမိုးလုံနှင့် ဖောင်းဆိုင်နယ်မြေများအတွင်း ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းသီးနမူနာများရယူခြင်းကို ဆောင်ရွက်ခဲ့သည်။

စတုတ္ထအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများကို ၁၉၉၈ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက်မှ ၂၁ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ လင်ခေးမြို့နယ်၊ မိုင်းပန်ဒေသ၊ လွိုင်လင်မြို့နယ် မဲနယ်တောင်ဒေသ၊ လဲချားမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) 'ဝ'ဒေသရှိ ဝလင်းနယ်မြေ၊ ဟိုပန်မြို့နယ် ပန်လုံဒေသ၊ တန့်ယန်းမြို့နယ်များအတွင်းရှိ ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းသီး နမူနာများရယူခြင်းကို ဆောင်ရွက်ခဲ့သည်။

ပဉ္စမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများကို ၁၉၉၉ခုနှစ် ဖေဖော်ဝါရီလ ၂ရက်မှ ၅ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ဒေသ၊ လင်ခေးမြို့နယ်၊ မိုင်းပန်ဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ'ဒေသ၊ မိုင်းမောမြို့နယ်၊ ဝလင်းရွာ၊ နမ့်ခမ်းမြို့နယ် မြင်ထန်တောင်ကြော၊ လားရှိုးမြို့နယ် မုံးယော်ဒေသ၊ မန်တုံမြို့နယ်အတွင်းရှိ ဘိန်းခင်းများသို့ သွားရောက်ပြီး ဘိန်းနှင့်ပတ်သက်သည့် နမူနာပစ္စည်းများ စုဆောင်းခြင်း၊ ဘိန်းခင်းများတိုင်းတာ လေ့လာခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းနေရာများမှ ဒေသခံဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးကိစ္စများ ဆောင်ရွက်နေမှုအပေါ် လေ့လာဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆဋ္ဌမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများကို ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၃ရက်မှ ၂၇ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) အတွင်းရှိ မိုင်းဆတ်၊ မိုင်းပျင်း၊ နောင်လိုင်၊ ကွမ်းလုံ (လွယ်ပင်းရဲ)၊ လောက်ကိုင်(မိုင်လီရှူးဝါး)နှင့် ဝလင်းဒေသများသို့ သွားရောက်ပြီး ဘိန်းခင်းများဖျက်ဆီးထားမှု အခြေအနေ လေ့လာခြင်းနှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံခြင်း၊ ဘိန်းခင်း(၃၄)ခင်းမှ ဘိန်းသီး နမူနာ တစ်စတုရန်းမီတာကွက်ပေါင်း (၁၂၀)ရယူခဲ့ကြောင်း၊ ဘိန်းစေ့၊ ဘိန်းရွက်နှင့် မြေနမူနာများလည်း ရယူခဲ့ကြောင်း သိရသည်။

သတ္တမအကြိမ် မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းကို ၂၀၀၁ခုနှစ် မတ်လ ၁ရက်မှ ၆ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပေါက်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်နောင်လိုင်ဒေသ၊ ဟိုပန်မြို့နယ် ပန်လုံဒေသသို့ သွားရောက်ပြီး ဘိန်းခင်းများမှ ဘိန်းသီး၊ ဘိန်းရွက်နှင့်ဘိန်းစေ့၊ မြေစသည့် နမူနာများရယူဆောင်ရွက်ခြင်း၊ ဒေသခံဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဋ္ဌမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းကို ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်မှ မတ်လ ၂ရက်နေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်များအတွင်းရှိ ဝေးလံခေါင်းပါးသည့် သွားရောက်ရန် ခက်ခဲသော နေရာများရှိ ဘိန်းခင်းများသို့ သွားရောက်ခဲ့ပြီး ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းသီး၊ ဘိန်းစေး၊ ဘိန်းရွက်နှင့် မြေစသည့် နမူနာပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ အစားထိုးမွေးမြူရေး၊ မူးယစ်ဆေးဝါးဆေးစွဲ နေသူများအား ကုသရေး၊ တားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

နဝမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းကို ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်မှ မတ်လ ၃ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျင်း၊ မိုင်းခတ်၊ မိုင်းပေါက်နှင့် ကျိုင်းတုံမြို့နယ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ကွမ်းလုံမြို့နယ် 'ဝ'ဒေသနှင့် ကိုးကန့်ဒေသများအတွင်း ဘိန်းခင်းနေရာများသို့ သွားရောက်၍ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းရွက်၊ ဘိန်းသီးနှင့် ဘိန်းစိမ်းနမူနာပစ္စည်းများအား စုဆောင်း ရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

ဒသမအကြိမ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာခြင်းလုပ်ငန်းကို ၂၀၀၄ခုနှစ် မတ်လ ၃ရက်မှ ၁၂ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်၊ ဆီဆိုင်၊ နမ့်စန်၊ လဲချားနှင့် မိုင်းရှူးမြို့နယ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျင်း၊ ကျိုင်းတုံနှင့် မိုင်းခတ်မြို့နယ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) 'ဝ'ဒေသ (ခွင်မား၊ မိုင်းမော၊ နမ့်တစ်၊ လုံထန်၊ ဟိုပန်) ကိုးကန့်ဒေသ(လောက်ကိုင်)၊ ကွတ်ခိုင်မြို့နယ်များသို့ သွားရောက်၍ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းရွက်၊ ဘိန်းသီးနှင့် ဘိန်းစိမ်းနမူနာပစ္စည်းများအား စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သော ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေး (Opium Yield Survey) အရ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထွက်ရှိမှုမှာ ၁၉၉၇ ခုနှစ်မှစ၍ သိသိသာသာလျော့နည်းခဲ့ပြီး နှစ်စဉ်ဆက်တိုက် လျော့နည်းကျဆင်းလာကြောင်း၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့သော ၂၀၀၄ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရရှိမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တာဝန်ရှိသူများက ဆက်သွယ် ပြောကြားချက်အရ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးဧက ၇၅၉၈၄ဒသမ၄ (၃၀၈၈၈ ဟက်တာ)ရှိပြီး၊ ဘိန်းထွက်ရှိမှုမှာ ၂၉၂တန်ဖြစ်ကြောင်း သိရှိရသဖြင့် ၁၉၉၆ ခုနှစ် ဘိန်းထွက်ရှိမှု တန်၂၅၆၀နှင့် နှိုင်းယှဉ်ပါက ၈၉ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းသွားကြောင်း သိရသည်။

သို့ပါ၍ **မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၄ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာမှုရလဒ်သည် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအား မျက်ဝါးထင်ထင် ပီပြင်ပုံပေါ်စေသည်။** ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး လုံးဝပပျောက်သွားစေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို မိမိနိုင်ငံအစီအစဉ်ဖြင့် ၁၉၉၉-၂၀၀၀ပြည့်နှစ်တွင် စတင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံနှင့်လည်း ပူးပေါင်း၍ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာသည့် လုပ်ငန်းများအား နှစ်စဉ်ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားရန်ရှိကြောင်း တင်ပြလိုက်ရပေသည်။ ။

မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၀၄ ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာမှုရလဒ်သည် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအား မျက်ဝါးထင်ထင် ပီပြင်ပုံပေါ်စေသည်။





မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်မှုများ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ကိုးကန့်တိုင်းရင်းသား ခေါင်းဆောင် ဦးဖုန်ကြားရှင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဌာန ဒုတိယဌာနမှူးနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တတိယအကြိမ်မီးရှို့ဖျက်ဆီးမည့် ဘိန်းမျိုးစေ့နှင့် မူးယစ်ဆေးဝါးများကို ဤသို့ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဘိန်းခင်းရှာဖွေဖျက်ဆီးခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း ဘိန်းခင်းများကို ဤသို့ဖျက်ဆီးနိုင်ခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသ တာရှေထန်တွင် ပန်းတိုင်သစ်စီမံကိန်းကိုအကောင်အထည်ဖော်ခဲ့ရာ ဘိန်းအစားထိုး သီးနှံ ပန်းဂျုံစိုက်ခင်းကို ဤသို့တွေ့ရသည်။(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသ လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပြတိုက်ဝင်းအတွင်း၌ ၂၀၀၂ ခုနှစ် ဇွန်လ ၉ ရက်က တောင်သူများ အပ်နှံသည့် ဘိန်းမျိုးစေ့များနှင့် မူးယစ်ဆေးဝါးများကို ဤသို့မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာ-အမေရိကန်နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှု (၉)ကြိမ်မြောက် အစီအစဉ်အဖြစ် ရှမ်းပြည်နယ်အတွင်းရှိ ဘိန်းအစားထိုး သီးနှံစိုက်ခင်းများကို ဤသို့ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပခဲ့သောဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်ဓာတုဗေဒပစ္စည်းများကို တတိယအကြိမ် မီးရှို့မဖျက်ဆီးမီ ဤသို့တွေ့ရစဉ်။(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ ရှေ့ဖုံးမှ

မြန်မာ့ပညာရေးစနစ်ပြု ပြင်ပြောင်းလဲမှုအမှန်အတိုင်း၊ ပကတိအတိုင်းဆက်စပ်လေ့လာ

- နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသည့်အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု အမှန်အတိုင်း၊ ပကတိအတိုင်းဆက်စပ်လေ့လာ၊
- ကျောင်းဆရာများထမ်းဆောင်ရမည့် မွန်မြတ်သည့်အခန်းကဏ္ဍကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် ပိုမိုရှင်းရှင်းလင်းလင်းသိမြင်ခံယူ၊
- ယနေ့ခေတ်ကာလသည် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာ အံ့မခန်းတိုးတက်နေသည့်ကာလဖြစ်၊
- နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့်တည်ဆောက်ရသည့် လုပ်ငန်းတာဝန်သည် မြားမြောင်လှသကဲ့သို့ များစွာရှုပ်ထွေးသိမ်မွေ့၊
- တိုင်းပြည်၏ကဏ္ဍတိုင်းလိုလိုတွင် အစစအရာရာလိုအပ်မှု၊ အားနည်းမှု၊ အံဝင်ခွင်မကျမှုများဖြင့် ကြုံတွေ့နေရသည့်အတွက် ဖြည့်ဆည်းပေးစရာ၊ ပြန်လည်ပြုပြင်စရာများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလုပ်ကိုင်ဆောင်ရွက်ပေးနေ။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူး၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့နိုင်ငံတော်တွင် ဖွင့်လှစ်ထားသော အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းစသည့် အခြေခံပညာစာသင်ကျောင်းပေါင်း ၄၀၅၀၅ ကျောင်းမှ ဆရာ ၂၃၃၀၀၀ကျော်တို့ကို တစ်သုတ်ပြီး တစ်သုတ် အောက်မြန်မာပြည်မှာရော၊ အထက်မြန်မာပြည်မှာပါ ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများခွဲပြီးပေးခဲ့ရာယခုဆိုလျှင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ သင်တန်းအမှတ်စဉ်(၅၅) ရောက်နေပြီဖြစ်သကဲ့သို့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ သင်တန်းအမှတ်စဉ်(၂၁)အထိ ရှိနေပြီဖြစ်ကြောင်း။

အမှန်အတိုင်းနားလည်

နိုင်ငံတော်၏အနာဂတ်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းလူ့အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေသည့် အခြေခံပညာမှ ဆရာဆရာမများအနေဖြင့် နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသည့်အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုအခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း ဆက်စပ်

လှိုင်ကော် အထက(၂)

ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ Language Lab သင်ကြားနေသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

လေ့လာနားလည်သိရှိပြီး ကျောင်းဆရာများ၏ ထမ်းဆောင်ရမည့်၊ ထမ်းဆောင်ထိုက်သည့် မွန်မြတ်သောအခန်းကဏ္ဍကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် ပိုမိုရှင်းရှင်းလင်းလင်းသိမြင်ခံယူနိုင်ရန်နှင့် လက်တွေ့အလုပ်လုပ်နိုင်ရန်အတွက် ယခုကဲ့သို့ သင်တန်းမျိုးကို တက်ရောက်လာရခြင်းဖြစ်ကြောင်း။

တိုးတက်ပြောင်းလဲလာ

ယနေ့ခေတ် ယနေ့ကာလသည် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ အံ့မခန်းတိုးတက်နေသည့် ကာလဖြစ်ကြောင်း၊ ဤနည်းပညာပြောင်းလဲတိုးတက်မှုသည် လူ့ဘောင်အဖွဲ့အစည်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်အသီးသီးကို လွှမ်းမိုးရိုက်ခတ်လျက် ရှိကြောင်း၊ ကမ္ဘာကြီး တစ်ခုလုံးသည်လည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ် တိုးတက်ပြောင်းလဲလာနေခြင်းဖြစ်ကြောင်း။

အမှန်တကယ်လည်း ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ ဖြစ်ပျက်မှု တစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းမျှအတွင်း ကြားနိုင်၊ မြင်နိုင်၊ သိနိုင်သည့်အခြေအနေ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယနေ့သိပ္ပံပညာအရ ရှာဖွေဖော်ထုတ်တီထွင်ရရှိသည့် ပညာရပ် (Discovery)တစ်ခုသည် လက်တွေ့အသုံးပြုနိုင်သည့်အဆင့်အထိ အမြန်ဆုံးသောနှုန်းဖြင့် ကူးပြောင်းနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပညာခေတ်သတ်မှတ်

ဤကဲ့သို့ ပြောင်းလဲတိုးတက်နေသည့်ခေတ်တွင် ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ အနာဂတ်ကို တတ်နိုင်သမျှ မျှော်မှန်းတွက်ဆပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားအကျိုးစီးပွားအတွက် အဘက်ဘက်မှ ချင့်ချိန်တွက်ဆကြိုးပမ်းဆောင်ရွက်လာလျက်ရှိကြောင်း၊ အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ပညာတတ်နိုင်ငံသားများ မွေးထုတ်ရေးအတွက် ပညာရေးစနစ်များကို နိုင်ငံအလိုက် ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ မရပ်မနား ပြုလုပ်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံအလိုက် မိမိတို့နိုင်ငံသားများ၏ ပညာအရည်အသွေးကို မြှင့်တင်၍ အားထုတ်နေကြခြင်းဖြစ်သည့်အတွက် ယနေ့ခေတ်ကို ပညာခေတ်ဟုပင် သတ်မှတ်ခေါ်ဆိုနေရပြီ ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် အကြောင်းအမျိုးမျိုးကြောင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေရသည့် မိမိတို့နိုင်ငံကို အမြန်ဆုံး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာအောင် မိမိတို့ကြိုးပမ်းတည်ဆောက်သည့်နေရာ၌ မိမိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဘက်စုံကဏ္ဍစုံမှ ပြန်လည်ပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကို စနစ်သစ်ဖြင့် တည်ဆောက်ရသည့် လုပ်ငန်းတာဝန်သည် မြားမြောင်လှသကဲ့သို့ များစွာရှုပ်ထွေးသိမ်မွေ့လှကြောင်း၊ တိုင်းပြည်၏ ကဏ္ဍတိုင်းလိုလိုတွင် အစစအရာရာလိုအပ်မှု၊ အားနည်းမှု၊ အံဝင်ခွင်မကျမှုများဖြင့် ကြုံတွေ့နေရသည့်အတွက် ဖြည့်ဆည်းပေးစရာ၊ ပြန်လည်ပြုပြင်စရာများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် လုပ်ကိုင်ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း။

အနာဂတ်ရှင်သန်

ခေတ်သစ်၊ စနစ်သစ်၌ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်နှင့် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်အတွက် ပညာရေးကဏ္ဍကလည်း ခေတ်နှင့်အညီ စွမ်းရည်ထက်မြက်မှုနှင့် ကျွမ်းကျင်မှုရှိသည့် လူ့အရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ မွေးထုတ်နိုင်သည့် ပညာရေးစနစ်မျိုးကို ပြောင်းလဲထူထောင်နိုင်မှလည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အနာဂတ်သည် ရှင်သန်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ တိုင်းပြည် ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်ပယ်ကျယ်ဝန်းပြီး အလျင်အမြန် တိုးတက်ပြောင်းလဲနေကြောင်း”**၊ **“ထို့ကြောင့် နိုင်ငံအသီးသီးသည် အသိပညာ၊ အတတ်ပညာကြွယ်ဝအောင် လှုပ်ရှားဆောင်ရွက်နေကြကြောင်း”**၊ **“အသိပညာ နယ်ပယ်ခေတ်ဟု ပြောရလောက်အောင် အသိပညာကြွယ်ဝရေးအတွက် အားထုတ်နေကြကြောင်း”**။

ရောဝတီတိုင်း ဝါးခယ်မမြို့တွင် တည်ဆောက်ထားသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ဆောင်သစ်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သင်တန်းဖွင့်အမှာစကားပြောကြား

စက်တင်ဘာ ၆ ရက်က မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

"အသိပညာ၊ အတတ်ပညာ၊ သတင်းနှင့်ပြန်ကြားရေးစနစ်နှင့် ဗဟုသုတတို့သည် နိုင်ငံကို စွမ်းအားရှိအောင် ထူထောင်ရာတွင် အခြေခံကျသည့် လိုအပ်ချက်ပင် ဖြစ်ကြောင်း"။

"ပညာရေးကို ပြုပြင်နိုင်စွမ်း ရှိမှာဖြစ်ကြောင်း၊ ပညာရေးသည် တိုးတက်ဖွံ့ဖြိုးမှု၏ အရင်းခံအကြောင်းတရားဖြစ်ကြောင်း" စသည်ဖြင့် နိုင်ငံတော် တည်ဆောက် ထူထောင်ရာ၌ ပညာရေး၏ အရေးပါမှုကို အခါအားလျော်စွာ လမ်းညွှန်ထောက်ပြမှုများပြုလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်တိုက်တွန်းအားပေးမှု၊ မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ ကြပ်မတ်စောင့်ရှောက်မှု၊ ပညာရေးဝန်ထမ်းများ၏ ဆရာ ဆရာမများ၏ အတွေးအခေါ်နှင့် အသိပညာသည် အမြဲရှင်သန်နေမှသာ မိမိ၏တပည့်များသည်လည်း ရှင်သန်နေသည့် တပည့်များ၊ ဆရာကောင်း၏ တပည့်ကောင်းများအဖြစ် ပေါ်ထွက်လာမှာဖြစ်ကြောင်း။

အလေးပေးလမ်းညွှန်

နိုင်ငံတော်အကြီးအကဲက မကြာသေးမီကာလကပင် **"မိမိတို့နိုင်ငံသားများရဲ့ ပညာရည်စွမ်းအား (Intellectual Power) မြှင့်တင်ပေးရမှာ ဖြစ်ကြောင်း၊ ယင်းသို့မြှင့်တင်ပေးနိုင်ရန်အတွက် ပညာရေးကို စနစ်တကျကောင်းအောင် လုပ်ကြရမှာဖြစ်ကြောင်း"**ဖြင့် နိုင်ငံသားတို့၏ပညာရည် မြင့်မားရေး လိုအပ်ချက်ကို အလေးပေးလမ်းညွှန်ခဲ့ကြောင်း။

စာတတ်မြောက်မှုနှုန်းအရရော၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသ၌ အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နိုင်

စုပေါင်းညှိနှိုင်း ဆွေးနွေးအဖြေရှာမှုတို့၏ အကျိုးဆက်အဖြစ် အမျိုးသားပညာရည်မြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ လက်တွေ့ကျကျပေါ်ထွက်လာခဲ့ကြောင်း၊ ကျောင်းတိုင်း ကျောင်းတိုင်းတွင်လည်း အနာဂတ်ကို ရဲရဲတင်းတင်းမျှော်မှန်းထားသည့် အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက် မော်ကွန်းများကို ဆရာ ဆရာမများ မြင်တွေ့ကြသည့်အတိုင်း မွန်မြတ်ခိုင်မာစွာ စိုက်ထူထားပြီးဖြစ်ကြောင်း။

ဤမျှော်မှန်းချက်သည် နိုင်ငံနှင့်လူမျိုး အစွန့်ရှည်ကြာစွာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရန်အတွက် မြင့်မြင့်မားမား၊ မွန်မွန်မြတ်မြတ်ထားရှိသည့် မျှော်မှန်းချက်ဖြစ်ကြောင်း၊ ဤမျှော်မှန်းချက်သည် ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ ခိုင်မာသည့်ယုံကြည်ချက်ပင်ဖြစ်ရမည်ဖြစ်ကြောင်း။

ထပ်ဆင့်ရှင်းလင်းပြောကြားရလျှင် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့်အတတ်ပညာ အဆင့်အတန်းမြင့်မားမှုက ပင်မအချက်အချာကျလျက်ရှိကြောင်း၊ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာသည် နိုင်ငံတော်၏ မကုန်ဆုံးနိုင်သည့်၊ ခိုင်မြဲသည့်အရင်းအမြစ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ဆရာများကလည်း မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ မိမိတို့တိုင်းရင်းသားလူမျိုး ညီအစ်ကိုအားလုံး၏ အကျိုးစီးပွားများနှင့် ဆက်စပ်နေရုံသာမက တစ်မျိုးသားလုံး၏ကံကြမ္မာကိုပါ ရေရှည်အဆုံးအဖြတ်ပေးသွားမည့် ပညာရေးလုပ်ငန်း တာဝန်များဖြစ်သည်ဟု ရှင်းလင်းစွာခံယူထားကြရမှာဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးရေးအားပေး

ကျောင်းသား ကျောင်းသူလူငယ်များ၏ သင်ယူတတ်မြောက်လိုမှု၊ ရှာဖွေစူးစမ်းလိုမှု၊ နားလည်တတ်ကျွမ်းလိုမှုတို့ကို အစဉ်အမြဲအားပေးမြှင့်တင်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် မြေတောင်မြှောက်ပေးရမှာဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားအားလုံးအနေဖြင့် သင်ယူမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်နှင့် ဗဟုသုတနယ်ပယ်စသည့် နယ်ပယ်အားလုံးတွင် ဟန်ချက်ညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြည့်ရှုထိန်းကျောင်းအားပေးသွားနိုင်ရမှာ ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများကို အဆင့်အလိုက် စာတတ်မြောက်စေရုံသာမက အသိပညာ၊ ဗဟုသုတ၊ ရသပွားများတတ်ပြီး စိတ်ထားမွန်မြတ်ရန်၊ ဝီရိယရှိရန်၊ စည်းကမ်းရှိရန်၊ မျိုးချစ်စိတ်ဓာတ်ရှိရန် သင်ကြားမှု၊ သင်ယူမှုနည်းလမ်းများကို အသုံးချ မြှင့်တင်သွားကြရမှာဖြစ်ကြောင်း၊ ခြုံလိုက်လျှင် အဆင့်အလိုက်၊ အတန်းအလိုက် တတ်မြောက်သင့်သော ပညာရည်ပြည့်ဝပြီး နှလုံးလှသည့်၊ ယဉ်ကျေးသိမ်မွေ့သည့်လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ကြရမှာဖြစ်ကြောင်း၊ အမှန်တကယ်ဆန်းစစ်ကြည့်မည်ဆိုလျှင် ဆရာ ဆရာမတို့၏ လုပ်ငန်းတာဝန်သည် ခံယူလျှင် ခံယူနိုင်သလောက် ကြီးမားကျယ်ပြန့်လျက် ရှိကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့လူ့အဖွဲ့အစည်း၌ ဆရာများသည် မြင့်မြတ်လှသည့် ကျေးဇူးရှင်ဂိုဏ်းဝင်များအဖြစ် ခိုင်မြဲစွာနေရာရရှိနေကြခြင်းဖြစ်ကြောင်း၊ ဆရာဆိုသည့် စကားလုံး၏နောက်ကွယ်၌ မေတ္တာ၊ ကရုဏာ၊ အကြင်နာများရှိသကဲ့သို့ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများလည်း ပါနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမတို့အနေဖြင့် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားလာအောင် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော်နေသည့် လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်း၊ ကျောင်းနေသည့် ကလေးအားလုံး မူလတန်းပညာပြီးဆုံးသည်အထိ သင်ယူရေးလုပ်ငန်း၊ အလယ်တန်းပညာ ဆက်လက်သင်ယူရေးလုပ်ငန်းတို့ကို အောင်မြင်သည်ထက်အောင်မြင်အောင် တာဝန်ရှိရှိ၊ တာဝန်သိသိ အလေးအနက်ထား လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ယနေ့နိုင်ငံသားများ၏ စာတတ်မြောက်မှုနှုန်းအရရော၊ ကျောင်းနေအရွယ် ကလေးများ ကျောင်းနေသည့်နှုန်းအရပါ မြန်မာနိုင်ငံသည် အာရှဒေသ၌ အဆင့်မြင့်နိုင်ငံစာရင်းဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း၊ ဤအောင်ပွဲသည် လူတိုင်းအတွက် ပညာရေး၏ခိုင်မြဲသောခြေလှမ်းဖြစ်သည့်အပြင် ပညာရေးဝန်ထမ်းများ၏ အောင်ပွဲအဖြစ်သာမက ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြသည့် မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ဦးထမ်းပဲ့ထမ်း စေတနာထက်သန်စွာ တာဝန်ယူတတ်မှု၏ အောင်ပွဲလည်း ဖြစ်ကြောင်း။

မလွဲမသွေအောင်မြင်

ဆက်လက်ပြီး ကျောင်းနေသည့်ကလေးများကျောင်းနေမြဲရန်၊ အနည်းဆုံး မူလတန်းပညာပြီးဆုံးသည်အထိ ကျောင်းနေရန်ဆိုသည့် ရည်မှန်းချက်များကို ဆရာ ဆရာမများက ဥစ္စာရင်လို ဥစ္စာရင်ခဲ ကမကထပြုလုပ်ပြီး ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ဤလုပ်ငန်းများမှာလည်း မြန်မာလူမျိုးတို့၏ စေတနာ၊ သဒ္ဓါနှင့် ပညာရေးအပေါ်တွင် စိတ်ဝင်စားမှုများကြောင့် မလွဲမသွေ ပြီးမြောက်အောင်မြင်ရမည့် လုပ်ငန်းများဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး အခြေခံပညာကျောင်းများ၌ တပ်ဆင်ထားသည့် ခေတ်မီမာလ်တီမီဒီယာ အီလက်ထရွန်နစ်ပစ္စည်းများကို အစွမ်းကုန် အပြည့်အဝအသုံးချရန် မှာကြားလိုကြောင်း၊ ယနေ့ မိမိတို့နိုင်ငံ၏ အခြေအနေအရ အခြားဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနှင့်ရင်ပေါင်တန်း လိုက်နိုင်သည့်ဘဝကိုရောက်ရန်အတွက်သူများ ခြေလှမ်းတစ်လှမ်းလှမ်းလျှင် မိမိက လေးငါးဆယ်လှမ်း လှမ်းရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးမှသည် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုစသည့်ကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးကို လုပ်နေရသကဲ့သို့ လမ်းများ၊ တံတားများ၊ ဆည်တာတမံများကိုလည်း မနားမနေ တည်ဆောက်နေရခြင်းဖြစ်ကြောင်း၊ ထို့အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများကိုလည်း မြို့ကြီးပြကြီးများမှာသာ အခွင့်အလမ်းရနေခြင်းမျိုး မဖြစ်စေဘဲ ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးတွင် ညီမျှသည့်အခွင့်အလမ်းများရစေရန် အကွက်ကျကျ ဟာကွက်မရှိရအောင် စီမံဆောင်ရွက်နေရသည့်အချိန်ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် အလျင်အမြန်တိုးတက်နေသည့် နည်းပညာရပ်များကိုရော လူ့စွမ်းအားအရင်းအမြစ်များကိုပါ အပြည့်အဝ အသုံးပြုသွားရမှာဖြစ်ကြောင်း။

မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၏ ခေတ်မီပညာသင်ကြားရေးစနစ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကွာဟမှုကျဉ်းစေမည်

အခြေခံပညာကျောင်းများတွင်ရှိသည့် ကက်ဆက်၊ ဗီဒီယို၊ တီဗွီ၊ ကွန်ပျူတာစသည့် အဆင့်မြင့်နည်းပညာပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးပြကြီးများမှ နာမည်ကြီး ဆရာကောင်းများ၏ ပို့ချမှုများကို ကျေးလက်ဒေသမှ ကျောင်းသားများက သင်ယူနိုင်မှာဖြစ်ကြောင်း၊ နားလည်ကျွမ်းကျင်သည်အထိ အချိန်တိုအတွင်းတွင် အကြိမ်ကြိမ် မျက်စိအရ၊ နားအရသင်ကြားနိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ ဤမာလ်တီမီဒီယာပစ္စည်းများကို အသုံးပြုပြီး တပည့်များက လွယ်လင့်တကူ သင်ယူနိုင်သကဲ့သို့ ဆရာများကလည်း မိမိတို့၏ အသိပညာ တိုးတက်ရေး၊ လိုအပ်သည့် အဆင့်မြင့်ပညာရပ်များ တိုးချဲ့သင်ယူရေးတို့ကို လက်လှမ်းတမီ လေ့လာနိုင်မှာဖြစ်ကြောင်း၊ ဤနည်းဖြင့် တောနှင့်မြို့အကြား ပညာသင်ကြားမှုအခွင့်အလမ်း ကွာဟမှုများသည် ကျဉ်းကျုံ့သွားစေမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဆရာ ဆရာမများအနေဖြင့် အနာဂတ်ကာလတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ပညာရေးနယ်ပယ်၏ လုပ်ငန်းတာဝန်များကို ယခုသင်တန်းတွင် ရှာဖွေဆန်းစစ်လေ့လာပြီး ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်ဖြင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်အောင်၊ တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လိုအပ်သည့် အသိအမြင်များ၊ အတွေးအခေါ်များ ပွားများနိုင်ပါစေဟု မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၀၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

လူတိုင်းအတွက် စာတတ်မြောက်ရေး

ပညာသည် အမှန်အမှားဝေဖန်ပိုင်းခြားပြီး လုပ်ငန်းတစ်ခုကို ထိရောက်စွာဆောင်ရွက်နိုင်သည့် လူ့စွမ်းရည်ဟုခေါ်နိုင်ပြီး စာကိုမူ ပညာကို များများနှင့် မြန်မြန်ရယူစေနိုင်သည့် ကိရိယာတစ်ခုဖြစ်သည်ဟု ဆိုသည်။ လူတိုင်းသည် ပညာရယူရန် စာတတ်ဖို့လိုသည်။ ပညာရပ်အသီးသီးကို သင်ယူတတ်မြောက်ရန်အတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် စာသည် ပုံနှိပ်ကြားခံမီဒီယာတစ်ခုဖြစ်သည်။ ၁၄၅၀ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဂျာမန်လူမျိုးဂူတင်းဘတ်က စာပုံနှိပ်စက်ကို တီထွင်လိုက်ပြီးနောက် ပညာပျံ့နှံ့နှုန်းသည်ပို၍ မြန်လာသည်။ ယခုအခါ ကွန်ပျူတာနည်းပညာကြောင့် ပညာပျံ့နှံ့နှုန်းသည် ပို၍ ပို၍ပင် မြန်လာသည်။ ပညာရပ်များအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့်လည်းကောင်း၊ ပညာပျံ့နှံ့နှုန်းပို၍မြန်ဆန်လာခြင်းကြောင့် လည်းကောင်း၊ ပညာအသုံးချရမှုနယ်ပယ်ပို၍ ကျယ်ပြန့်လာခြင်းကြောင့်လည်းကောင်း ယခုမျက်မှောက်ခေတ်ကို ပညာခေတ်ဟုတင်စားခေါ်ဆိုခဲ့ကြသည်။ ယနေ့ပညာခေတ်တွင် အရိုးဆုံးဆက်သွယ်ရေးကိရိယာအဖြစ် ပုံနှိပ်မီဒီယာ(စာအုပ်စာတမ်း)များကို မလွဲမသွေ သုံးနေရဦးမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတိုင်းလိုလိုပင် စာတတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ အားထုတ်ဆဲလည်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ၁၉၆၇ခုနှစ်မှစ၍ စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် စာတတ်မြောက်မှုကို မြှင့်တင်ရန်အတွက် အထူးအာရုံစိုက်လာကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ထို့အတူ စာတတ်မြောက်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကာလကို ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် (United Nations Literacy Decade)အဖြစ် သတ်မှတ်ပြဋ္ဌာန်းကာ အကောင်အထည်ဖော်လာခဲ့သည်။ အဘယ်ကြောင့်ပါနည်း၊ မေးစရာရှိလာသည်။ ၂၀၀၃ခုနှစ် ယူနက်စကို၏ စာရင်းအရ ကမ္ဘာပေါ်တွင် စာမတတ်သူ သန်း၈၆၀ခန့်ရှိနေခြင်းနှင့် ၎င်းအရေအတွက်၏ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများ ဖြစ်နေခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်၏ ပထမနှစ်နှစ်တွင် အမျိုးသမီးများ စာတတ်မြောက်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် အကြံပြုထားသည်။ စာတတ်မြောက်ရေးလုပ်ငန်းသည် စွမ်းရည်မြှင့်လုပ်ငန်းစဉ်(Empowering Process)ဖြစ်သဖြင့် အသိပညာနှင့် သတင်းအချက်အလက်ရနိုင်မှုများကြောင့် 'အသိတိုး၊ အမြင်ကျယ်ကာ' စီးပွားရေးဖွံ့ဖြိုးလာစေပြီး ဘဝသာယာရေးကိုပါ အကျိုးပြုနိုင်စေမည်ဟု ရည်ရွယ်မျှော်မှန်းသည်။

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးနှင့် စပ်လျဉ်း၍ အစဉ်အလာရှိခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အစောဆုံးစာပေအထောက်အထားမှာ ၁၅၆၀ ပြည့်နှစ်တွင် ပဲခူးသို့သွားရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသည်တစ်ဦး၏ ခရီးသွားမှတ်တမ်းဖြစ်သည်။ ၎င်းမှတ်တမ်းတွင် မြန်မာနိုင်ငံသည် ဘုန်းတော်ကြီးကျောင်းပညာရေးကြောင့် စာတတ်နှုန်းမြင့်မားပုံကို ဖော်ထုတ်ချီးကျူးထားခဲ့သည်။

ပညာရေးသုတေသီတစ်ဦး

၁၉၃၁ ခုနှစ်တွင် ဂျေအက်စ်ဖာနီဗယ် (Mr. J.S.Furnivall)က ဤသို့ မှတ်တမ်းတင်ခဲ့သည်။

လွန်ခဲ့သည့် ၁၀နှစ် (ခရစ်နှစ် ၁၉၂၁)က အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးတစ်ဦး၏ အစီရင်ခံစာတွင် မြန်မာလူမျိုးတိုင်းလိုလို စာရေးတတ်သည်။ စာဖတ်တတ်သည်။ မြန်မာနိုင်ငံ၏ စာရေးစာဖတ် တတ်ကျွမ်းမှုနှုန်းသည် အင်္ဂလန်နိုင်ငံထက် များစွာသာလွန်သည်။ (-Almost everyone could read and write - The proportion of people who could read and write was then far higher than in England)

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် စာတတ်နှုန်းများကို လေ့လာမိသောအခါ စာတတ်နှုန်းနှင့် လူမှုစီးပွားအခြေအနေများကို ဆက်စပ်ကာ ဆန်းစစ်မိသည်။

မြန်မာနိုင်ငံ၏စာတတ်နှုန်းသည် ၁၈၈၆ခုနှစ်တွင် ၈၅ရာခိုင်နှုန်းရှိခဲ့ရာ ၁၉၄၈ခုနှစ်တွင် ၃၅ရာခိုင်နှုန်းသာ ရှိခဲ့သည်ကို တွေ့ရှိရသည်။ ၎င်းကိန်းဂဏန်းကို ဆန်းစစ်နေစဉ် ကွယ်လွန်သူပညာရှင် ဦးကိုကိုလေး(ဇေယျာမောင်)၏ သုံးသပ်ချက်ကို ကြားယောင်လာမိသည်။

'၁၈၈၅–၈၆ခုနှစ်ကစပြီး အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၄၈ခုနှစ်ကမှ လွတ်လပ်ရေး ပြန်ရခဲ့တဲ့ မြန်မာနိုင်ငံဟာ ကျွန်းသစ်၊ ရေနံ၊ ကျောက်သံပတ္တမြား၊ ဆန်စပါးစတဲ့ ရုပ်ပစ္စည်းပိုင်းမှာ အထိ နာတာက မပြောပလောက်ဘူး။ ပညာရေးပိုင်းမှာက အထိအနာဆုံးပဲ။ ဗဟိုချက်ကို ကိုင်လှုပ်သွားနိုင်ခဲ့တာကိုး။'

မြန်မာနိုင်ငံ၏ခေတ်များ၊ စနစ်များအလိုက် စာတတ်မြောက်ရေးလုပ်ငန်းကို သူ့နည်းသူ့ဟန်များဖြင့် ဆောင်ရွက်ခဲ့သည်မှာအားလုံးအသိပါ။ ပြန်ပြောင်း ဖော်ပြရလျှင် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်နှုန်းသည် ၁၉၆၃ခုနှစ်တွင် ၅၇ရာခိုင်နှုန်း၊ ၁၉၆၆–၁၉၈၈ခုနှစ်များမှာ ၈၀ဒသမ၄ ရာခိုင်နှုန်းနှင့် ယနေ့ ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရသည်။ **မျက်မှောက်ခေတ် စာတတ်မြောက်ရေးကြိုးပမ်းမှုလုပ်ငန်းမှာ စာတတ်ရုံသက်သက်မျှသာ မဟုတ်တော့ဘဲ စာဖတ်ရှိန်မြှင့်တင်ရေး၊ မိသားစု ဝင်ငွေ တိုးရေးနှင့် မိသားစုဘဝ သာယာရေးလုပ်ငန်းများ ပါဝင်သည့် 'စဉ်ဆက် ပညာရေး'(Continuing Education) ကို 'ရပ်ရွာပညာပဒေသာဌာန' (Community Learning Centre)များထူထောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အား ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။**

> **မျက်မှောက်ခေတ် စာတတ်မြောက်ရေးကြိုးပမ်းမှုလုပ်ငန်းမှာ စာတတ်ရုံသက်သက်မျှသာ မဟုတ်တော့ဘဲ စာဖတ်ရှိန်မြှင့်တင်ရေး၊ မိသားစု ဝင်ငွေတိုးရေးနှင့် မိသားစုဘဝ သာယာရေးလုပ်ငန်းများ ပါဝင်သည့် 'စဉ်ဆက်ပညာရေး' (Continuing Education)ကို 'ရပ်ရွာပညာပဒေသာဌာန' (Community Learning Centre)များ ထူထောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

ရန်ကုန်ရောက်အင်းမနယ်သူနယ်သားများ၏ အင်းမနွယ်ဖွား ဆရာတော်ကြီးများအား ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၂၂ရက်က စမ်းချောင်းမြို့နယ် ဗားကရာလမ်း အနောက်ဥယျာဉ်တိုက် သုခမကျောင်းတွင်ကျင်းပရာ တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား အကျိုးတော်ဆောင် ဦးကျော်ရွှေက ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က–ပ)

နိကာယ်ငါးရပ် စာလျှောက်မေးပွဲ

ရန်ကုန် စက်တင်ဘာ ၆

အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ တိပိဋကရေ (D. Litt) (Ph.D) ဒေါက်တာဘွဲ့ရဆရာတော်ကြီးများ ဦးစီး စီမံဆောင်ရွက်တော်မူလျက်ရှိသော နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ အကြိမ်(၃၀)မြောက် နိကာယ်ငါးရပ် စာလျှောက်မေးပွဲများကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်(အမျိုးသားနေ့) ဒီဇင်ဘာ ၆ ရက်မှစ၍ ခြောက်ရက်တိုင်တိုင် အောက်ပါနေရာတွင်ကျင်းပပါမည်။ ဖြေဆိုကြမည့်ပုဂ္ဂိုလ်များ အသင်းတိုက်တွင် ဝင်ခွင့်ပုံစံများတောင်းယူ၍ ၁၃၆၆ခုနှစ်သီတင်းကျွတ်လပြည့် အောက်တိုဘာ ၂၈ရက် နောက်ဆုံးထားပြီး အမှုဆောင်အဖွဲ့ ပဋ္ဌနိကာယသာသနာ့ဗိမာန်တော် ကံဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ကြရန် လျှောက်ထားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

စက်တင်ဘာ ၅ ရက် က ရန်ကုန် တိုင်း အခြေခံ ပညာ အဆင့်ဒွါဒသမ အကြိမ် (၁၂ ကြိမ်) မြောက် မြန် မာ့ ရိုး ရာ ယဉ် ကျေး မှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အသက် (၁၀–၁၅)နှစ် အ မျိုး သ မီး အ က ပြိုင် ပွဲ တွင် ဒဂုံမြို့နယ်အမှတ် (၁) အခြေခံ ပညာအထက်တန်းကျောင်းမှ မသက်နှင်းဆုပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)



ဩဂုတ် ၂၉ ရက်က သဃ်္ဃန်းကျွန်းမြို့နယ်အမက(၂၉) မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်က စတုတ္ထတန်း ဘက်စုံထူးချွန် ဆုရ မောင်ထင်ကျော်စိုးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က–ပ)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၇) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၆

ပြည်တွင်းစက်မှုဇုန်ထုတ်ကားဘော်ဒီများ မိုဖိစက်ဖြင့် စတင်ထုတ်လုပ်၊ မြန်မာပြည်၏ ပထမဆုံး ပြောင်းဖူးထွက် စားကုန်ပစ္စည်းစက်ရုံ၊ မြန်မာ့ရေချိုငါးများ ဘင်္ဂလားဒေ့ရှ်နှစ်သက်၊ ငမိုးရိပ် ရေလယ်ကျွန်းက အကြီးဆုံး ပရဆေးစိုက်ခင်း၊ ပန်းပုထုရန် အသုံးဝင်သော ကုက္ကိုပင်ကြီးများ စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ (၁)၊ အမှတ် (၁၇)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် စားသုံးသူများကို လှည့်စားသည့် ကြော်ငြာများ၊ စင်ကာပူဆေးရုံ နှုန်းထားများလျှော့ချ၊ ဖိုးလှချင်တွေ ပိုများလာ၊ တစ်ခါသုံး ဒစ်ဂျစ်တယ်ကင်မရာ စသည့် နိုင်ငံတကာစီးပွားရေးရာ သတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင် သတင်းများ၊ နိုင်ငံတကာပညာရေးမိတ်ဆက်၊ တစ်ပတ်အတွင်းအပန်းဖြေအညွှန်း၊ သုံးသပ်ချက်ဆောင်းပါးများ ပါရှိကာe-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။ **(က–ပ)**

နိုင်ငံတကာအသိအမှတ်ပြုအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်လက်မှတ်ရရှိခြင်းအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

Nibban Electric & Electronics လုပ်ငန်းက နိုင်ငံတကာ အသိ **အမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်(ISO-9001:2000)လက်မှတ် ရရှိခြင်း အခမ်းအနားကို ယမန်နေ့ ည ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သာကေတစက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် သာကေတ စက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Nibban Electric & Electronics လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်လက်မှတ် ရယူခဲ့ခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိရန် ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး မလေးရှားနိုင်ငံ Daya Manusia Sdn-Bhd မှ မန်နေဂျင်းဒါရိုက်တာ Mr. Ho Yoon Sin က ISO နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Nibban Electric & Electronics လုပ်ငန်းပိုင်ရှင် ဦးသိန်းကြည်က ISO-9001;2000 Certificate ရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မိတ်ဆက်ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသူများအား Nibban Electric & Electronics လုပ်ငန်းမှ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သစ်များဖြစ်သည့် UPS Model PH-750 VA နှင့် 2 in 1 Antenna Model Na-330 တို့ကို မိတ်ဆက်ရှင်းလင်းပြသသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNIAP တို့ ပူးပေါင်းဖွင့်လှစ်သော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

* ကျောဖုံးမှ

များနှင့် တာဝန်ရှိသူများ၊ UNIAP ဗန်ကောက် အခြေစိုက် မဲခေါင်မြစ်ဝှမ်းဒေသလုံးဆိုင်ရာ ဒုတိယစီမံကိန်းမန်နေဂျာ ဒေါက်တာစုစုသာထွန်း၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကုလသမဂ္ဂ ညှိနှိုင်းရေးတာဝန်ခံ Mr. Charles Petrie နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပ မည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်လည်းကောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်အတွက်လည်းကောင်း ပြည့်စုံလုံလောက်သော ဥပဒေသစ်(မူကြမ်း) တစ်ရပ်ဖြစ်ပေါ်ရေးအတွက် ကုလသမဂ္ဂမှ ပညာရှင်များ၊ ဒေသအတွင်းရှိ ကျွမ်းကျင်သူများ၊ ပြည်တွင်း ဌာနဆိုင်ရာပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ဘရာဇီးလ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၄ ခုနှစ် စက်တင်ဘာ ၇ ရက်၌ ကျရောက်သော ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆယ်လ်ဆို လူးဝစ် နျူးအာမိုရင်း(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၆

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်း ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၁၅)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် စက်တင်ဘာ ၁၃ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇျူပြာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန်စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဦးဝင်းအောင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၆

ပြီးခဲ့သည့် ရက်သတ္တပတ်က ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဘက်စလန်မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် အကြမ်းဖက်သမားအချို့၏ လုပ်ရပ်ကြောင့် ကျောင်းသားငယ်များ အပါအဝင် အပြစ်ကင်းမဲ့သူ လူအများအပြားထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးရမှုများ ဖြစ်ပွားခဲ့ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်ရီဂေး၊ ဗွီ၊ လာဗရော့ဗ်ထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူပြည်သူအများ နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်းများ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က အလုံမြို့နယ် နှင်းဆီကုန်းလမ်း အမှတ်(၈၉)နေ ဦးလင်းဝင်း-ဒေါ်ရီရီစိန်၊ သမီး မကြေးမုံလင်းဝင်း၊ မဇင်မာလင်းဝင်း၊ သား မောင်အောင်ကျော်ဝင်း၊ သမီး မယုဝါလင်းဝင်း မိသားစုက ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ရွှေဆိုင်းကပ်လှူပူဇော်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့သို့ လာရောက်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၇-၉-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၁၅	၆။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၇။	International News
၈း၄၅	၈။	Islands of Dhamma
၈း၅၀	၉။	ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပြည်မြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) [အထက-၁၊သန်လျင်] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုအားလုံး) (ရူပဗေဒ)
၁၇း၀၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၂၀	၆။	၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(ပညာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)
၁၇း၃၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၅	၈။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၂၂)
၁၈း၃၀	၉။	ညနေခင်းသတင်း
၁၉း၀၀	၁၀။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၁။	စိမ်းနေဦးမည့် တို့မြန်ပြည်
၁၉း၂၀	၁၂။	ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉း၃၅	၁၃။	တန်ခိုးတော်အနန္တ ပြည့်ဝမ္ပမ်းထုံ ရွှေစည်းခုံ
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၂၀)
	၁၈။	မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့်ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မည်သူမဆိုတက်ရောက်နိုင်

အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားကို ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပြီး အမှတ်(၁) အခြေခံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက "နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စာတတ်မြောက်မှုအခြေအနေ သုံးသပ်ချက်" စာတမ်းနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်က "နယ်စပ်ဒေသစာတတ်မြောက်ရေးလုပ်ငန်း(၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ)" စာတမ်းတို့ကို ဖတ်ကြား တင်သွင်းကြ မည်ဖြစ်သည်။ စာတမ်းဖတ်ပွဲအခမ်းအနားသို့ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ နေရာကျဲကျဲမိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၆

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာလ ၇ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး အမျိုးသမီးထုကြီးတစ်ရပ်လုံးတစ်တပ်တစ်အားပူးပေါင်းပါဝင်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ရှင်းလင်းဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၏ ဇနီး အကြံပေးပုဂ္ဂိုလ် ဒေါ်မိုးမိုးမြင့်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၏ ဇနီး ဒေါ်ကြည်စန်းမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့်ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် အမျိုးသမီးဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့နှင့် လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းတာဝန်များ၊ မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံတို့ကို ကဏ္ဍများ အသီးသီးခွဲခြား၍ ရှင်းလင်းဟောပြောပြီး **"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းစို့"**ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေး၊ ဇာတိမာန်ထက်သန်သောအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော အမျိုးသမီးများ ပေါ်ထွန်းရေးအတွက် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရေး ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ကို ဝန်ကြီး၏ ဇနီး အကြံပေးပုဂ္ဂိုလ် ဒေါ်မိုးမိုးမြင့်က ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ ဝါတွင်းတရားစခန်းများ ဖွင့်ပြီ

ရန်ကုန် စက်တင်ဘာ ၆

တန့်ကြည့်တောင် ဆရာတော်ကြီး၏ကျင့်စဉ်နှင့်အညီ လစဉ်ကျင်းပမြဲဖြစ်သော သတိပဋ္ဌာန်ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်တရားပွဲများကို မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ ရိပ်သာဆရာတော် အဂ္ဂမဟာဝိသိဋ္ဌကောဝိဒ ကမ္မဋ္ဌာနာစရိယ အရှင်ဣန္ဒက(ဓမ္မာစရိယ)က စက်တင်ဘာ ၂၄ရက်မှ အောက်တိုဘာ၁ရက်အထိ၊ အောက်တိုဘာ ၂၂ရက်မှ ၂၉ရက်အထိ၊ နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၃ရက်အထိ၊ ဒီဇင်ဘာ ၂၄ရက်မှ ၃၁ရက်ထိ ဟောကြားပြသမည် ဖြစ်သည်။

အဓိဋ္ဌာန်တရားပွဲဝင်လိုသူများ ရိပ်သာ ဖုန်း-၂၄၇၅၅၇ နှင့် ဦးကိုမြင့် ဖုန်း-၅၀၂၈၂၀တို့သို့ စာရင်းပေးသွင်းနိုင်ကြကြောင်းသိရသည်။ **(က-ပ)**

သဲဖြူတောရ ဓမ္မရိပ်သာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာအနီး သဲဖြူတောရ ဓမ္မရိပ်သာတွင် စက်တင်ဘာ ၁၇ရက်မှ ၂၇ရက်အထိ ကိုးရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၆၇၇၁၆၊ ၆၆၂၈၃၆နှင့် ၆၆၆၁၆၃တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခြေဆေးကန်စေတီ ရွှေထီးတော်တင်လှူမည်

ရန်ကုန် စက်တင်ဘာ ၆

ပဲခူးတိုင်း ကျောက်ကြီးမြို့ ရှင်သီဝလိရဟန္တာမြတ်၏ဝဲဘက်ခြေတော်ရာ ချတော်မူသည့် ကေလာသဘတောင်ပေါ်ရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အရ နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ဗုဒ္ဓမြတ်စွာဘုရားရှင် ခြေဆေးကန်စေတီအား ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့အမီ ထီးတော်တင်လှူပူဇော်နိုင်ရန် ရှင်သီဝလိခြေတော်ရာ ဂေါပကအဖွဲ့က ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ပူးပေါင်းပြင်ဆင် မွမ်းမံလျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များသည် ကျောက်ကြီး ဖုန်း-၀၅၄-၂၁၅၈၂နှင့် ၀၅၄-၂၇၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၆

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များ တင်ပြ ရောင်းချလိုသော ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့် ဂျီတီစီစနစ်သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ် ၁ရက်မှ စက်တင်ဘာ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ၆ရက်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဝန်ထမ်းအိမ်ရာသစ်များ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဗဟိုဝန်ထမ်း)

မီတာ ၅၀၀၀တွင် ရွှေ၊ မီတာ ၁၀၀၀၀ပြိုင်ပွဲတွင် ငွေတံဆိပ် ရယူပေးသူ ဖြူဝါသက်(စက်မှု-၁)။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ ရွှေတံဆိပ်ရှင် ကေခိုင်မျိုးထွန်း(စီးပွား/ကူးသန်း)။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

မီတာ ၂၀၀နှင့် မီတာ၄၀၀ ပြိုင်ပွဲများတွင် ရွှေတံဆိပ် နှစ်ခု ရယူပေးသူ ဒုရဲအုပ်ကေခိုင်လွင် (ပြည်ထဲရေး)။
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် လေးခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၁၃ခု ရယူအောင်ပွဲခံပြီး အမိနိုင်ငံကို အောင်ပွဲနှင့်အတူ စက်တင်ဘာ ၇ရက်**(ယနေ့)** ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

ရွှေတံဆိပ်များ

အမျိုးသမီးမီတာ ၈၀၀နှင့် မီတာ၁၅၀၀တွင် မြင့်မြင့်အေး(ရန်ကုန်မြို့တော်စည်ပင်)သည် ရွှေတံဆိပ်နှစ်ခုကို လည်းကောင်း၊ အမျိုးသမီးမီတာ ၂၀၀နှင့် မီတာ၄၀၀ပြိုင်ပွဲတွင် ဒုရဲအုပ်ကေခိုင်လွင် (ပြည်ထဲရေး)သည် ရွှေတံဆိပ်နှစ်ခုကိုလည်းကောင်း၊ အမျိုးသားမီတာ ၅၀၀၀နှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲများတွင် အောင်သီဟ(ပြည်ထဲရေး)က ရွှေနှစ်ခုကိုလည်းကောင်း၊ အမျိုးသမီးမီတာ၅၀၀၀တွင် ရွှေ၊ မီတာ ၁၀၀၀၀တွင် ငွေတံဆိပ်ကို ဖြူဝါသက်(စက်မှု-၁)က လည်းကောင်း၊ အမျိုးသမီး မီတာ ၅၀၀၀လမ်းလျှောက်ပြိုင်ပွဲတွင် ကေခိုင်မျိုးထွန်း(စီးပွား/ကူးသန်း)က ရွှေတံဆိပ် တစ်ခုကိုလည်းကောင်း၊ အမျိုးသမီးမီတာ၂၀၀နှင့် ၄၀၀ပြိုင်ပွဲများတွင် လဲ့လဲ့ဝင်း (စီးပွား/ကူးသန်း)က ငွေတံဆိပ်နှစ်ခုကိုလည်းကောင်း၊ အမျိုးသမီး မီတာ၈၀၀ ပြိုင်ပွဲတွင် ယဉ်ယဉ်ခိုင် (ရန်ကုန်မြို့တော်စည်ပင်)ကငွေတံဆိပ်ကိုလည်းကောင်း ရယူပေးပြီး အမျိုးသမီး မီတာ၄၀၀ လေးယောက်လက်ဆင့်ကမ်းပြိုင်ပွဲများတွင် မြင့်မြင့်အေး၊ ကေခိုင်လွင်၊ လဲ့လဲ့ဝင်းနှင့် ယဉ်ယဉ်ခိုင်တို့သည် အမိနိုင်ငံအတွက် ရွှေတံဆိပ်များကို ရယူပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊အက၊အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့ နံနက် ၇နာရီက မန္တလေးမြို့ အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲရှိ ကဇာတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်ကြည့်ရှု

အဆိုပါပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်တပ်မတော်သားများနှင့် အနုပညာဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲအစီအစဉ်အရ နံနက်ပိုင်းတွင် အမျိုးသား၊ အမျိုးသမီးခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး ပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ခေတ်ပေါ်တေးနှင့် အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲကို လည်းကောင်း၊ ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကို လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၄ခုနှစ် စက်တင်ဘာ၅ရက် မြန်မာစံတော်ချိန် ၂၁နာရီ ၃၂မိနစ် ၅၁စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၇၅၃မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဘရာဇီးဆက်လက်ဦးဆောင်နေ ဥရုဂွေး၊ ပါရာဂွေး၊ အာဂျင်တီးနားတို့လည်း နိုင်ပွဲရပြီးအခြေအနေကောင်း

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၆

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲများအဖြစ် တောင်အမေရိကဇုန် ခြေစစ်ပွဲများကို စက်တင်ဘာ၅ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အီကွေဒေါနှင့် ဥရုဂွေးတို့ပွဲတွင် ဥရုဂွေးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဘရာဇီးက ဘိုလစ်ဗီးယားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ပါရာဂွေးက ဗင်နီဇွဲလားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချီလီနှင့် ကိုလံဘီယာတို့ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ဥရုဂွေးနှင့်အီကွေဒေါ

ဥရုဂွေးနှင့် အီကွေဒေါအသင်းတို့ ခြေစစ်ပွဲကို ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ကျင်းပရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပါရာဂွေးမှ ဂီလ်ဘာတို ဟိုင်ဒါရိုက ဆောင်ရွက်သည်။ ဥရုဂွေးအသင်းမှာ ခြေစစ်ပွဲ ခုနစ်ပွဲ ကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးပြီး ခုနစ်မှတ်သာ ရရှိထားသလို အီကွေဒေါအသင်းမှာလည်း ခြေစစ်ပွဲ ခုနစ်ပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲ ရှုံးထားပြီး ၁၀ မှတ်ရရှိထားသော အသင်းဖြစ်သည်။

ယခုပွဲတွင် အိမ်ရှင်ဥရုဂွေးတို့ အနိုင်ရရှိမှသာ ခြေစစ်ပွဲအောင်ရန် အလားအလာ ကောင်းမည်ဖြစ်ရာ ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲစချိန်နှစ်မိနစ်မှာပင် ဥရုဂွေးတိုက်စစ်မှူးရီကိုဘာ သေချာပေါက်ကန်သွင်းသည့်ဘောလုံး ဂိုးဘားတန်းထိသွားသဖြင့် တစ်ဂိုးနစ်နာခဲ့ရသည်။ ပွဲချိန် ၂၄မိနစ်တွင် ဥရုဂွေးတိုက်စစ်မှူးဒါရီယိုဆေးလ်ဗားက အီကွေဒေါဂိုးသမားနှင့်ရင်ဆိုင်တွေ့ပြီး ဂိုးသွင်းရန်ကြိုးစားသော်လည်း အီကွေဒေါဂိုးသမားဗီလာဖူရာတီကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။

အဖွင့်ဂိုး

ပထမပိုင်းပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်းတွင် ဥရုဂွေးက ကွင်းလယ်ကစားကွက်ကို တည်ပြီး ထိုးဖောက် တိုက်စစ်ဆင်ရာမှ ပွဲချိန် ၅၇ မိနစ်တွင် ဥရုဂွေးတိုက်စစ်မှူး ကာလို့စ်ဘူယီနိုက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ အဖွင့်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ အီကွေဒေါတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန်ပြီးသည်အထိ ဂိုးမရရှိသဖြင့် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

ဘရာဇီးနှင့်ဘိုလစ်ဗီးယား

နာမည်ကြီးဘရာဇီးနှင့် ဘိုလစ်ဗီးယားတို့ခြေစစ်ပွဲကို ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ စက်တင်ဘာ ၅ရက်က ကျင်းပရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် အာဂျင်တီးနားမှ ဟီတာဘယ်ဒါဆီက ဆောင်ရွက်ပေးသည်။

ဘရာဇီးအသင်း ခြေစစ်ပွဲခုနစ်ပွဲ ကစားခဲ့ပြီးချိန်တွင် သုံးပွဲနိုင်၊ လေးပွဲ သရေ၊ ရှုံးပွဲမရှိ ၁၃ မှတ်ရရှိထားပြီး တောင်အမေရိကဇုန်၌ ထိပ်ဆုံးမှ ရပ်တည်နေသော အသင်းဖြစ်သလို ဘိုလစ်ဗီးယားမှာခြေစစ်ပွဲခုနစ်ပွဲကစားပြီးချိန်၌ နှစ်ပွဲနိုင်၊ ငါးပွဲရှုံးပြီး ခြောက်မှတ်ဖြင့် အောက်ဆုံးနံပါတ် ၁၀ အဆင့်၌ ရှိနေသော အသင်းဖြစ်သည်။

ဘရာဇီးအသင်းနှင့်ဘိုလစ်ဗီးယားအသင်းမှာ အဆင့်ကွာသလို ခြေလည်းကွာခြားလှသည်ဖြစ်ရာ ဘရာဇီးတို့က ပွဲစသည်နှင့် ကစားကွက်ကိုစိုးမိုးပြီး ကစားနိုင်ခဲ့သည်။ ဘရာဇီးရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒို၊ ရီနာဒို၊ အဲလက်စ်နှင့် ရိဘင်ဟိုတို့က တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက် မွှေနှောက်ကစားနိုင်ရာ ပွဲစချိန် တစ်မိနစ်မှာပင် ရော်နယ်ဒိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဘရာဇီးတို့ စောစီးစွာပင် ဂိုးစတင်ရရှိခဲ့သည်။



ထိုးဖောက်

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲ တောင်အမေရိကဇုန်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာဘရာဇီးနှင့်ဘိုလစ်ဗီးယားတို့ပွဲတွင်ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒို ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမြန်ဆုံးဂိုး

ရော်နယ်ဒိုသွင်းသည့်ဂိုးမှာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲများ ယခုကစားပြီးချိန်အထိ အမြန်ဆုံးဂိုးအဖြစ်လည်းမှတ်တမ်းဝင်သွားခဲ့သည်။ ဆက်လက်ပြီး ဘရာဇီးတို့က တိုက်စစ်ဖွင့်ကစားရာ ကွင်းလယ်မှ ဂီလ်ဘာတိုဆဲလ်ဗားနှင့် အင်ဒရီရာနိုတို့က ကစားကွက်ပေါ်အောင် ဖန်တီးပေးနိုင်မှုကြောင့် တိုက်စစ်မှူးများ ပိုမိုထိုးဖောက်ကစားနိုင်ရာ ဘိုလစ်ဗီးယားနောက်တန်း မနားတမ်း ဖျက်ထုတ်နေရာမှ ပွဲချိန် ၁၃မိနစ်တွင် ဘိုလစ်ဗီးယားတို့ ဂိုးဧရိယာအတွင်း ကြမ်းတမ်းစွာ ဖျက်ထုတ်ကစားမှုကြောင့် ပယ်နယ်တီ ပြစ်ဒဏ်ဘောပေးရာ ယင်းပြစ်ဒဏ်ဘောကို ဘရာဇီး ကွင်းလယ်ကစားသမား ရော်နယ်ဒင်ဟိုက ကန်သွင်းခဲ့၍ ဒုတိယဂိုးရရှိခဲ့သည်။

ဘရာဇီးတို့ တစ်ဖက်သတ် ထိုးဖောက် ကစားနေရာမှ ပွဲချိန် ၄၄မိနစ်တွင် အင်ဒရီရာနိုက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် ဘရာဇီးတို့ သုံးဂိုးပြတ်သွင်းပြီး ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ဘိုလစ်ဗီးယားတို့ ပြန်လည်ထိုးဖောက်ကစားရာမှ ပွဲချိန် ၄၈မိနစ်တွင် ဘိုလစ်ဗီးယားတိုက်စစ်မှူးများဖြစ်သည့် ရှုဘင်တီဖီနို၊ ရိုနယ်အရာနာတို့ အပေးအယူလုပ်ပြီး ထိုးဖောက်ကစားလာသည့် ဘောလုံး ကို ဘရာဇီးနောက်ခံလူ အက်မာဆင် ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ပြီး ဂိုးဝင်သွားခဲ့မှုကြောင့် ဘိုလစ်ဗီးယားတို့ တစ်ဂိုး ရရှိသွားခြင်းဖြစ်သည်။ ပွဲချိန်ပြီးသည်အထိ ဘိုလစ်ဗီးယားတို့ ချေပဂိုး မသွင်းနိုင်ခဲ့မှုကြောင့် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရပြီး ဘရာဇီးတို့ နိုင်ပွဲဆက်ကာ သုံးမှတ်အပြည့်ရပြီး ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေမြဲဖြစ်သည်။

ပါရာဂွေးနှင့်ဗင်နီဇွဲလား

ပါရာဂွေးနှင့်ဗင်နီဇွဲလားတို့ ခြေစစ်ပွဲကို ပါရာဂွေးနိုင်ငံ အဆမ်စီရွန်မြို့၌ ကျင်းပရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဥရုဂွေးမှ ဂူစတာဗိုမင်ဒက်ဇ်ကဆောင်ရွက်ပေးသည်။ ပါရာဂွေးအသင်းခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲ သရေ၊ နှစ်ပွဲရှုံးထားပြီး ၁၁မှတ်ရရှိနေကာ စတုတ္ထနေရာ၌ရှိနေသလို ဗင်နီဇွဲလားအသင်းကလည်း ခြေစစ်ပွဲ ခုနစ်ပွဲကစားခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးပြီး ၁၀ မှတ်ရရှိကာ ဆဋ္ဌမနေရာ၌ရှိနေသော အသင်းဖြစ်သည်။

ပါရာဂွေးအသင်းမှာ အိုလံပစ်ပြိုင်ပွဲဝင်အသင်းမှ ကစားသမားများ ပြန်လည် ပါဝင်ဖွဲ့စည်းထားသောအသင်းဖြစ်ရာ ပွဲစသည်နှင့် အိမ်ရှင်ပါရာဂွေးတို့ ဗင်နီဇွဲလားကို ဖိကစားထားနိုင်ပြီး ဂိုးရရှိရေးအပြင်းအထန်ကြိုးစားခဲ့သည်။ ပထမပိုင်းပွဲပြီးချိန်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲရှိရာ ဒုတိယပိုင်းတွင် ပါရာဂွေးတို့ အနိုင်ရရှိရေး ကစားအားတင်ပြီး ထိုးဖောက်ကစားရာမှ ပွဲချိန် ၅၂ မိနစ်တွင် ပါရာဂွေး တိုက်စစ်မှူး ကာလို့စ်ဂါမာရာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပါရာဂွေးတို့က ကစားကွက်ပြောင်းရန်အတွက် ပွဲချိန်၅၈မိနစ်တွင် ကာဒိုဇိုအစား ရာမီဇက်၊ ပွဲချိန်၇၈ မိနစ်တွင် ဂါဗီလန်အစား ဘာရီတို၊ ပွဲချိန်၈၂မိနစ်တွင် ဂါမာရာအစား မင်ဒူရာတို့ဝင်ရောက်ကစားခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ပါရာဂွေးတို့ တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချီလီနှင့်ကိုလံဘီယာ

တောင်အမေရိကဇုန် ခြေစစ်ပွဲအဖြစ် ချီလီနှင့်ကိုလံဘီယာအသင်းတို့ ချီလီနိုင်ငံ ဆန်တီရာဒီချီလီမြို့၌ စက်တင်ဘာ ၅ရက်ကယှဉ်ပြိုင်ကစားခဲ့ရာ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဘရာဇီးမှ ဝေါဆမ်ဆော်ဇာက ဆောင်ရွက်သည်။

ချီလီအသင်း

ချီလီအသင်းသည် ခြေစစ်ပွဲခုနစ်ပွဲ ကစားခဲ့ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး ၁၁ မှတ်ရရှိကာ တတိယနေရာ၌ရှိနေသလို ကိုလံဘီယာအသင်းမှာ ခြေစစ်ပွဲခုနစ်ပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးပြီး ၇ မှတ်သာရရှိရာ အဋ္ဌမနေရာ၌ ရှိနေသောအသင်းဖြစ်သည်။

အိမ်ရှင်ချီလီအသင်းမှာ အနိုင်ရရှိရေးအတွက် ပွဲစတင်သည်နှင့် ဘောလုံး အပေးအယူမှန်မှန်ဖြင့် ကစားကွက်တည်ကစားပြီး ဘယ် ညာတောင်ပံများမှ ထိုးဖောက်ကစားရာ ကိုလံဘီယာတို့က ခပ်ကြမ်းကြမ်းဖျက်ထုတ်ကစားခဲ့သည်။

ပွဲချိန်၁၇မိနစ်မှာပင် ချီလီမှ မယ်ဒိနာဒိုနှင့် ကိုလံဘီယာမှ ဂွန်ဇီရာဖာရာတို့ ဘောလုံးယှဉ်လုရာမှ ပြဿနာဖြစ်ရာ ကွင်းလယ်ဒိုင်လူကြီး ဝေါဆမ်ဆော်ဇာက အနီကတ် တိုက်ရိုက်ပြ ထုတ်ပယ်ခဲ့သဖြင့် တစ်ဖက် ၁၀ဦးတည်းနှင့် ကစားခဲ့ကြသည်။

ချီလီတို့က အဝေးပေး၊ အနီးပေး ဘောများဖြင့် တိုက်စစ်ဆင်ကစားရာ ချီလီတိုက်စစ်မှူးများ အခွင့်အရေးအသုံးမချနိုင်ခဲ့၍ ဂိုးမရရှိခဲ့ချေ။ ပွဲချိန် အတော်များများကို ချီလီတို့က ထိုးဖောက်ကစားနိုင်သော်လည်း ပွဲချိန် ၄၂ မိနစ်နှင့် ပွဲချိန်မိနစ် ၆၀ တို့တွင် ကိုလံဘီယာမှ ပရီစီရာဒိုနှင့် ပီရီရာတို့ အဖျက်ကြမ်းမှုကြောင့် အဝါကတ်ပြခံရသည်။

ချီလီတို့ ဂိုးရရှိရေး ထိုးဖောက်ကစားခဲ့သော်လည်း ပွဲချိန် ၇၂ မိနစ်တွင် ချီလီမှ ပီရက်ဇ်နှင့် ကိုလံဘီယာမှ ပါတီနိုတို့ ဘောလုံးယှဉ်လုရင်း ပြဿနာဖြစ်ပြန်ရာ ဒိုင်လူကြီးက နှစ်ဦးစလုံး အနီကတ်ပြထုတ်ပယ်ခဲ့သဖြင့် တစ်ဖက်ကိုးဦးစီနှင့်ကစားခဲ့ရသည်။

ပွဲပြီးချိန်အထိတစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိခဲ့ရာမှ ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြရသည်။

အာဂျင်တီးနားနှင့်ပီရူး

တောင်အမေရိကဇုန်မှ အာဂျင်တီးနားနှင့် ပီရူးတို့ ဩဂုတ် ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီနားက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားအတွက်ပွဲချိန် ၁၄ မိနစ်တွင် ရိုဆာလပ်ဒယ်ဂါနိုက တစ်ဂိုး၊ ပွဲချိန် ၆၆ မိနစ်တွင် ကိုလိုစီနီက တစ်ဂိုးနှင့် ပွဲချိန် ၈၂ မိနစ်တွင် ပါဘလိုဆိုရင်က တစ်ဂိုးသွင်းယူပေးခဲ့သည်။

ပီရူးအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ပီရူးတိုက်စစ်မှူး ဆိုတိုက ၁၂ မီတာအကွာမှ အပြင်းကန်သွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယနေရာ၌ ဆက်လက်ရပ်တည်လျက်ရှိသည်။

တောင်အမေရိကဇုန်ခြေစစ်ပွဲများ စက်တင်ဘာ ၅ ရက်အထိကစားပြီးချိန်တွင် ဘရာဇီး၊ အာဂျင်တီးနားတို့ ပထမနှင့်ဒုတိယနေရာများ၌ ဆက်လက်ရပ်တည်နိုင်လျက်ရှိရာ ချီလီ၊ ပါရာဂွေးနှင့် အီကွေဒေါတို့ အနိုင်ပွဲများရရှိရေး ဆက်လက်ကြိုးစားရဦးမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

တိုက်ဂါးဝုဒ်ကိုအမီလိုက်နေသော ဗီဂျေဆင်း ဒွိုက်ချ်ဘင့်ချန်ပီယံဂေါက်ပြိုင်ပွဲတွင် ဦးဆောင်

နော်တွန်(မက်ဆာချူးဆက်)

စက်တင်ဘာ ၆

ဖီဂျီမှဗီဂျေဆင်းသည် ဒွိုက်ချ်ဘင့်ချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စနေနေ့က စုစုပေါင်းရိုက်ချက် ၁၃၁ ချက် ရိုက်ကာ ပြိုင်ပွဲကို ဦးဆောင်လျက်ရှိသည်။

ကစားသမားဖြစ်လာနိုင်သည်။ တိုက်ဂါးဝုဒ်သည်သီတင်းပတ်ပေါင်း ၃၃၄ ပတ် တွင် ထိပ်တန်းဂေါက်သီးရိုက်အား ကစားသမားအဖြစ် ရပ်တည်ခဲ့သည်။

ဆင်းသည် ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိ ဂေါက်သီးရိုက်အားကစား

မက်ဆာချူးဆက်ပြည်နယ် နော်တွန်မြို့၌ ဒွိုက်ချ်ဘင့်ချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗီဂျေဆင်း၏ဂေါက်သီးရိုက်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

၎င်းသည် စနေနေ့က ရိုက်သည့်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ ၆၃ ချက်ရိုက်ပြီး ဦးဆောင်လျက်ရှိသည်။

ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်က ထိုနေ့က ၆၈ချက်ရိုက်ကာ ဒုတိယနေရာက လိုက်နေသည်။ ၎င်းသည် စုစုပေါင်းရိုက်ချက် ၁၃၃ ချက်တွင် ကိုးချက်လျှော့ရိုက်ကာ ဂွန်ရိုးလင်း ဘေလ်ဟက်စ်တို့နှင့်အတူ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြသည်။

ဆင်းသည် ယခုတစ်ပတ်အတွင်း ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးရိုက်အားကစားသမားတစ်ဦးဖြစ်သည်။ စနေနေ့က ဆင်းသည် ဝုဒ်နှင့် ပါမာတို့၏ နောက်မှကပ်ကာ သုံးချက် လျှော့ရိုက်ခဲ့သည်။ သို့ရာတွင် ၎င်းသည် ပထမနှစ်ကျင်းတွင် ဘာဒီစရခဲ့သည်။ ထို့ပြင် ကျင်းအမှတ်လေးနှင့် ခုနစ်တို့တွင်လည်း ဘာဒီရခဲ့သည်။

အသက် ၄၃ နှစ်အရွယ်ရှိ ဆင်းသည် ပီဂျီအေချန်ပီယံဆုဖလား အပါအဝင် ယခုနှစ်ရာသီတွင် ပီဂျီအေ ဂေါက်သီး ရိုက်ပြိုင်ပွဲ၌ ငါးကြိမ်မြောက် အနိုင်ရရှိ သူဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲများ၏ အနိုင် အရှုံး

ဒဗ္ဗလင် စက်တင်ဘာ ၆

စက်တင်ဘာ ၄ ရက်နှင့် ၅ ရက်က ၂၀၀၆ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားအပြီး အနိုင် အရှုံးအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

အိုင်ယာလန်	၃	–	၀	**ဆိုက်ပရပ်စ်**
ဘူဂေးရီးယား	၃	–	၁	**အိုက်စလန်**
ဖင်လန်	၃	–	၀	**အင်ဒိုရာ**
ဝေလ	၁	–	၁	**အဇာဘိုင်ဂျန်**
အက်စ်တိုးနီးယား	၄	–	၀	**လူဇင်ဘတ်**
မော်ရိုကို	၁	–	၁	**တူနီးရှား**
အင်္ဂလန်	၂	–	၂	**ဩစတြီးယား**
ပြင်သစ်	၀	–	၀	**အစ္စရေး**
အာဂျင်တီးနား	၃	–	၁	**ပီရူး**
အီတလီ	၂	–	၁	**နော်ဝေ**
အယ်လ်ဘေးနီးယား	၂	–	၁	**ဂရိ**
ရိုမေးနီးယား	၂	–	၁	**မက်ဆီဒိုးနီးယား**
ဘယ်လ်ဂျီယံ	၁	–	၁	**လစ်သူယေးနီးယား**
ဆာဘီးယား	၃	–	၀	**ဆန်မာရီနို**
ခရိုအေးရှား	၃	–	၀	**ဟန်ဂေရီ**
ဘရာဇီး	၃	–	၁	**ဘိုလစ်ဗီးယား**
ဥရုဂွေး	၁	–	၀	**အီကွေဒေါ**
ပါရာဂွေး	၁	–	၀	**ဗင်နီဇွဲလား**
အိုင်ဗရီကို့စ်	၅	–	၀	**ဆူဒန်**

အမ်အင်အေ၊ရိုက်တာ

သာကေတ အမက(၆) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည် ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်လှဝင်းမြိုင်က လေးနှစ်ဆက်တိုက် ပထမ ရရှိသူ မောင်မျိုးမြင့်ညွှန့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

(၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ သုံးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ကွာတားဖိုင်နယ် ရှစ်ပွဲ၊ အကြိုဗိုလ်လုပွဲလေးပွဲ စုစုပေါင်း ၁၂ပွဲ ကျင်းပပြီးစီးသွားသည်။

စက်တင်ဘာ၇ရက် နံနက် ၉နာရီမှစ၍ နှစ်ယောက်တွဲအုပ်စုတွင်း ပတ်လည်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝန်ထမ်းအလိုရှိသည်

မကြာမီဖွင့်လှစ်မည့် အဆင့်မြင့်မြို့တော်ဆေးရုံ(မန္တလေး)တွင် တာဝန်ထမ်းဆောင်ရန် ဆရာဝန်များအလိုရှိပါသည်။

- အသက်(၄၀)နှစ်အောက်ဖြစ်ရပါမည်။
- M.B.,B.S ဘွဲ့ရ ဆမလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ရမည်။
- အစိုးရတာဝန်ထမ်းဆောင်နေသူမဖြစ်ရပါ။
- ၂၄နာရီအလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရမည်။
- နေရာထိုင်ခင်းအတွက် စီစဉ်ပေးမည်။
- လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံတစ်ပုံ၊ ဘွဲ့ရလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ တယ်လီဖုန်းနံပါတ်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ Grading Certificate၊ မှတ်ပုံတင်မိတ္တူနှင့်အတူ စက်တင်ဘာ ၂၀ရက် နောက်ဆုံးထား၍ မြို့တော်ဆေးရုံ၊ သိပ္ပံလမ်း၊ မြို့သစ် မန္တလေးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးရန် ရွေးချယ်ခံရသူအား တစ်ဦးချင်းအကြောင်းကြားပါမည်။

အုပ်ချုပ်ရေးအဖွဲ့၊ မြို့တော်ဆေးရုံ၊ မန္တလေးမြို့။

နေသာမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း၈၀ဖြစ်သည်။

ပန်းအလှပင်စိုက်ပျိုး

ဇလွန် စက်တင်ဘာ ၅

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စက်တင်ဘာ ၁ရက်က ပန်းဥယျာဉ် တည်ဆောက်ရေး စီမံချက်အရ မြို့တွင်း လမ်းဘေးဝဲယာများတွင် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ပန်းအလှပင် စုစုပေါင်း ၃၆၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုပေးအပ်

ဆင်ဖြူကျွန်း စက်တင်ဘာ ၂

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ကုက္ကိုတန်းရွာ အခြေခံပညာမူလတန်းကျောင်းမိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဩဂုတ်၂၇ရက်ကကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုအေးက အဖွင့်အမှာစကားပြောကြားပြီး မူလတန်းကျောင်းများအုပ်စု ခေါင်းဆောင်ချောင်းဖြူရွာကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းက ပညာရေးရည်မှန်းချက်ကို ပြောကြားသည်။ ထို့နောက် ပညာရည်ချွန်ကျောင်းသားကျောင်းသူတို့အား ဆုချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ချိုအေး၊ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ဖွဲ့စည်းကြကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၅ရက်က မကွေးမြို့ မြို့မဈေးကြီး၌ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်ဌေးဦးနှင့်အဖွဲ့ဝန်ထမ်းများ ဈေးကြီးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

(၅၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်မှဦးစိန်ဝင်း(က-က-၄)၊ (လူမှုထုံးချွန် - တတိယဆင့်) **(အပေါ်ပုံ)** သည် စက်တင်ဘာ၃ရက် နံနက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်၌ (၅၄)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုပေးအပ်ပွဲကျင်းပ

ချောင်းဦး စက်တင်ဘာ ၅

ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁ရက် နံနက်၁၀နာရီက ဘုရင့်နောင်ခန်းမတွင် ကျင်းပသည်။

ရွေးချယ်ဖွဲ့စည်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကြီး၊ မြို့နယ်ပညာရေးမှူး ဦးအေးမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူးဦးကျော်မြင့်သိန်း၊အငြိမ်းစားပြည်နယ်ပညာရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားအသီးသီး ပြောကြားပြီး မိဘဆရာအသင်း အလုပ်အမှုဆောင် အဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့သစ်ကို ရွေးချယ်ဖွဲ့စည်းကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အထကချောင်းဦးသို့ ရန်ကုန်မြို့ မှန်ချိုဆေးတိုက် ပိုင်ရှင် ဦးလှဌေး-ဒေါ်တင်နွယ်ဦးမိသားစုတို့က ငွေပဒေသာပင် ကျပ်တစ်သိန်း စိုက်ထူလှူဒါန်းပြီး ခြောက်ဘာသာဂုဏ်ထူးရှင် မသက်သက်အား ချီးမြှင့်ငွေ ကျပ်တစ်သိန်း **(အပေါ်ပုံ)** မှန်ချိုကျေးရွာမှ အခြေခံပညာအထက်တန်းအောင် ကျောင်းသားကျောင်းသူ၂၇ဦးအားတစ်ဦးလျှင် ကျပ်တစ်သောင်းစီနှင့် မန္တလေးမြို့ ရွှေပြည်သာကုမ္ပဏီပိုင်ရှင် ဦးသိန်းတန် ဇနီး သီဟသုခမ္မသီဂိ ဒေါ်သန်းသန်းနွဲ့ မိသားစုတို့က ခြောက်ဘာသာဂုဏ်ထူးရှင်မသက်သက်အား ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ မုံရွာမြို့မှ သနပ်ဖက်ကုန်သည် ဦးကျော်စိန်၊ ဒေါ်စိန်ခင် မိသားစုက မသက်သက် ဆေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားစဉ် လစဉ်ကျပ်တစ်သောင်း ချီးမြှင့်ပြီးအလှူရှင်များကကျောင်းတွင်း ဆုရကျောင်းသားများ နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဟန်ထက်အောင်နှင့် တစ်ဘာသာဂုဏ်ထူးရှင်ခုနစ်ဦး၊ ဇရိုပ်မွန်မှ အခြေခံပညာအထက်တန်း ကျောင်းသူရှစ်ဦးတို့အားဂုဏ်ပြုဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(၁၀၉)**

စက်တင်ဘာ ၁ရက်က သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်လျက်ရှိသည့် ရတနာပုံလမ်း ဂဝံခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်လှလှတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုလဲမြို့နယ်၌ ယဉ်ကျေးမှုစာမေးပွဲအောင်သူများအားဆုချီးမြှင့်

ပုလဲ စက်တင်ဘာ ၃

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် မင်းမအရှေ့ကျေးရွာ မင်းမအရှေ့ကျောင်း၌ အကြိမ်(၂၀)မြောက်ယဉ်ကျေးမှုစာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက်က ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မင်းမအရှေ့ကျောင်း တိုင်းသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တသံဝရက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကပေးအပ်သော ဂုဏ်ထူးဆောင် လက်မှတ်အား သုံးဘာသာအောင် ကျောင်းသားကျောင်းသူများအား ချီးမြှင့်ပေးပြီး စာဖြေဌာန ဆရာတော်များက အခြားစာအောင် ကျောင်းသူကျောင်းသား ၁၄၇ဦးတို့အား လက်မှတ်နှင့်ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ သက်တော်(၅၈)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မင်းမအရှေ့ကျောင်းဆရာတော်က သံဃာတော်(၂၇)ပါးတို့အား သင်္ကန်းဒွိစုံ တစ်စုံစီ လှူဒါန်းကြသည်။ **(က-ပ)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ပိုမိုစွာ ရရှိရေးအတွက်စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိရာ ဩဂုတ်၂၇ရက်က အမှုဆောင် အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ မြို့မ ရေစက်ဝင်း အတွင်းရေမြှုပ်ပန့်နှင့်မော်တာ တပ်ဆင်ခြင်းလုပ်ငန်းအားကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးတင်ထွန်းလွင်တို့ ကြီးကြပ်၍ အဖွဲ့ဝင် ဝန်ထမ်းများက စည်ပင်သာယာဈေးကြီးရှေ့ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများကို ဩဂုတ် ၂၁ရက်က စုပေါင်းတူးဖော်ဆောင်ရွက်ကြစဉ်။ (၃၈၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ကျွန်းစိုက်ခင်းများတည်ထောင် လူထုလှုပ်ရှားမှုအသွင်ဖြင့်ပါဝင်ပူးပေါင်းဆောင်ရွက်

ရေတာရှည် စက်တင်ဘာ ၃

ပဲခူးတိုင်း ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၄-၂၀၀၅ခုနှစ် စိုက်ပျိုးရာသီတွင် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် အဖိုးတန် ကျွန်းစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်း တည်ထောင်နိုင်ရန် ပျိုးဥယျာဉ်များ တည်ထောင်ခြင်းနှင့် စိုက်ပျိုးခြင်း၊ ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်းများကို မြို့နယ်သစ်တောဦးစီးမှူး ဦးဥက္ကာနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများက သစ်တောကြိုးဝိုင်းများအတွင်း ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများတွင် ဇူလိုင်လ သစ်ပင်စိုက်ပျိုးရေး ရာသီတစ်လျှောက် စဉ်ဆက်မပြတ်ကွင်းဆင်း၍ ဆောင်ရွက်ခဲ့ရာကျွန်း ၇၂၀၅၀၀၊ ပျဉ်းကတိုး ၄၅၀၀၊ပိတောက် ၁၅၀၀၊ သစ်ဆိမ့် ၃၀၀၀၀၊ ယူကလစ် ၆၀၀၀၀၀နှင့် အခြားအပင်မျိုးစုံ၂၀၅၀၀ တို့ကို စိုက်ပျိုးခဲ့ကြရာတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ သစ်ပင်များစိုက်ပျိုးခဲ့ရာတွင် ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထက၊ အလကကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံကျေးရွာမှ လယ်သမားကြီးများလူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ပူးပေါင်း ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **(က-ပ)**



7-9 (15).p65 1 03-26-1905, 9:20 AM

ကျေးလက်သတင်းနှင့်မြင်ကွင်း

အရာတော်မြို့နယ် ပညာ့စွမ်းရည်ကျေးလက်စာကြည့်တိုက်ဖွင့်

အရာတော် စက်တင်ဘာ ၁

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၂၃ရက် သလဲဘာကျေးရွာအုပ်စု စပါးတွင်းကျေးရွာ၌ ပညာ့စွမ်းရည်ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပညာ့စွမ်းရည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား ရွာဦးကျောင်းဆရာတော် ဦးဥတ္တမ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးမှူး ဦးစန်းလွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်သို့ စာပေအလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံ ၁၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးလှဝင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ပညာပဒေသာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၁ ရက်က အင်ကြင်းပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဌေးဝင်းကစာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားစေရေး ပုသိမ်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပုသိမ် စက်တင်ဘာ ၂

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ ဩဂုတ် ၂၅ရက်က ပုသိမ်မြို့နယ် မိုးကုတ်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး မြမြင်းမိုရ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ကျေးရွာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဝင်းရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်က အဖွင့်အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာအုပ်စာပေ လူ့မိတ်ဆွေဖြစ်ကြောင်း ဟောပြောပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး စောလားခူက ကျေးဇူးတင်စကား ပြောကြားသည်။ ပုသိမ်ခရိုင်ရုံးမှ လှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်အုပ်၅၀အား မြို့နယ်ဦးစီးမှူးက ကျေးရွာဥက္ကဋ္ဌသို့ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟိုပုံးမြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဟိုပုံး ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ်၂၄ရက်က ဟိုပုံးမြို့ ပေါင်လင်းကျေးရွာတွင် လရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ ဗီဒီယိုပြပွဲနှင့် ဟောပြောပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မာဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာကြည့်တိုက် အကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

စာအုပ်လှူဒါန်း

ထို့နောက်အလှူရှင်များကလရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ၂၅၀လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်အုံးက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံအဝန်း ကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်စာစောင်များ ဝိုင်းဝန်းကူညီ လှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးတက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း-၀၁-၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊၀၁-၃၇၉၇၇၁နှင့်၀၁-၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁-၉-၂၀၀၄ မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား

ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်-

နေ့ရက် - ၇-၉-၂၀၀၄ (အင်္ဂါနေ့)

အချိန် - မွန်းလွဲ (၂)နာရီ

နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တတိယအကြိမ် ဘွဲ့နှင်းသဘင် ခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့သင်တန်းအောင်မြင်ကြသူများအတွက် တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့	–	၃၁–၁၀–၂၀၀၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	–	ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန်	–	နံနက် ၉း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကြေး	–	၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	–	၁၀၀၀ (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်အချိန်	–	၃၀–၁၀–၂၀၀၄ (စနေနေ့) နံနက် ၁၀း၀၀ နာရီ
လျှောက်လွှာလက်ခံမည့်ရက်	–	၁–၉–၂၀၀၄ မှ ၃၀–၉–၂၀၀၄ရက်နေ့အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန်၊

(၁) မှတ်ပုံတင်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။
(၂) ဝိဇ္ဇာဘွဲ့ (၁၉၉၈ အခြေခံပညာအထက်တန်းအောင်အသုတ် နိုင်ငံခြားသား အပါအဝင်) ၂၀၀၄ခုနှစ် ဇူလိုင်လအောင် ကျောင်းသား၊ ကျောင်းသူများ။
(၃) ဒီပလိုမာ အချိန်ပြည့် (၂၀၀၄ခုနှစ်၊ ဩဂုတ်လအောင် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံခြားသားအပါအဝင်)
(၄) မဟာဝိဇ္ဇာဘွဲ့ (၂၀၀၄ခုနှစ် ဩဂုတ်လအောင် ကျောင်းသား၊ ကျောင်းသူများ)
(၅) ဒီပလိုမာ (၁၉၉၇မှ ၂၀၀၃ထိ) အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ အတွက်သာ လျှောက်ထားနိုင်သည်။
(၆) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာကို ၂၅–၁၀–၂၀၀၄(တနင်္လာနေ့)မှ စ၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။
(၇) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။
(၈) အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းနိုင်ပါသည်။ ဖုန်း–၅၁၅၂၃၆

ကြည်ကြည်ဆွေ
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ပခုက္ကူခရိုင် နယ်တရားမရုံး၌။
၂၀၀၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၇

၁။ ဒေါ်မော်မော်ဝင်း **နှင့်** ၁ ။ ဦးအောင်သိန်း
၂။ ဦးမင်းနိုင် ၂။ ဒေါ်ပိုက်
တရားလို
တရားခံ

ပခုက္ကူမြို့၊ ၆လမ်း၊ အမှတ်(၁၅)ရပ်နေ ဦးအောင်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မော်မော်ဝင်း ပါ–၂၊ က မော်တော်ကားဝယ်ရန် ပေးအပ်ထားသော ငွေများထဲမှ ကျန်ငွေ(၂၇)သိန်း ရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင့်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းရွှေ(ဥပဒေဘွဲ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ရိုပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို တင်ဒါအမှတ် – ၃၃/မမ/ပလ/လျှပ်စစ်ပစ္စည်း(CE) (၂၀၀၄–၂၀၀၅) ဖြင့် ဝယ်ယူလိုပါ၍ စိတ်ဝင်စားသူများအား ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	33/0.4 KV,500 KVA Sub-Station	
	(a) 33 KV Vacuum Circuit Breaker	1 Set
	(b)33 KV Relays & Remote Control Panel for Vacuum Circuit Breaker	1 Set
	(c)3 P 33/0.4, 500 KVA Power Transformer	1 Set
	(d)1. 33KV Disconnecting Switch with Earthing Device	1 Set
	2. 33KV Lightning Arrester	1 Set
	3. 33KV Voltage Transformer	1 Set
	4. 33KV Current Transformer	1 Lot
	5. Battery Charger,Battery Bank	1 Set
	6. 600/100V Armoued Multi Core Control Copper Cable	1 Lot
	7. Earthing Materials Economy Type	1 Lot
	8. 33KV Terminations Clamp & Connecting Materials for SWG	1 Lot
	9. 0.4 – 1 KV Under Ground Cable	200 Meter
	10. 400 V LV Receiving Panel	1 Lot
	11. 33KV Dropout Fuse complete and Spare Fuse link	1 Set
2.	33 KV Over Head Line (4000 ft)	1 Lot

ရိုပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၂၁–၉–၂၀၀၄ (တနင်္လာနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆–၉–၂၀၀၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ ပစ္စည်းဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့
☎– ၂၉၁၃၉၊ ၂၉၁၈၉၀

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ပုသိမ်မြို့ မင်းကြီးလမ်း အမှတ် ၄၅ (က)နေ ဦးတင်ဝင်း ၁၄ /ပသန(နိုင်) ၀၅၉၃၁၀ ၏သား မောင်မင်းမင်းသူသည် မိဘများဂုဏ်သိက္ခာကို ထိခိုက်စေသောအပြုအမူများ ပြုလုပ်၍ အိမ်မှထွက်ခွာသွားသဖြင့် ၎င်းအား သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ (နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စများတာဝန်ယူမည်မဟုတ်ပါ။) **ဦးတင်ဝင်း ၁၄/ပသန(နိုင်)၀၅၉၃၁၀။**

အငြိမ့်၊ ဟာသ၊ အချစ် ဗီဒီယို ၁၄ ကား ဖြန့်ချိပြသ

မောင်ဆွေထွန်း

ရန်ကုန် စက်တင်ဘာ ၆

စက်တင်ဘာ ၆ ရက် တနင်္လာနေ့မှ တစ်ပတ်အတွင်း မြန်မာဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိပြသနိုင်မည်ဖြစ်သည်။

စိန်ရွှေဗီဒီယိုမှ ဒါရိုက်တာ ကျော်ဇောလင်းရိုက်ကူး၍ လွင်မိုး၊ မဏိရွှေစင်မှ ဒါရိုက်တာ ကျော်ဇရိုက်ကူး၍ ဝေဠုကျော်၊ အောင်ဇော်နှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **'ဘဦး ပြန်လာပြီ'** ဇာတ်ကား။

ကောင်းသစ္စာဗီဒီယိုမှ ဒါရိုက်တာ ကုသိုလ်ရိုက်ကူး၍ ဖြိုးငွေစိုး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **'ဘဝကဗျာ'**

တိုင်းလုံးကျော်အငြိမ့်မှ မန်းဝင်း၊ ကျော်ထူးနှင့် ငြိမ်းချမ်းတို့၏ ဖြေဖျော်မှု။

စိုးမြတ်နန္ဒာတို့ပါဝင်သော **'လူဖြစ်ပြီ'** ဇာတ်ကား။ စနိုးပိုက်ဗီဒီယိုမှဒါရိုက်တာ မောင်မောင်ဦးရိုက်ကူး၍ နိုင်းနိုင်းနှင့် မျိုးသန္တာထွန်းတို့ပါဝင်သော**'ခေါင်းမော့လိုက်ပါ'**ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ သပြာသုရိုက်ကူး၍ မိုးဒီ၊ သျှားညီနှင့်မိုးပြည့်ပြည့်မောင်တို့ ပါဝင်သော **'အဖေမှာတဲ့အတိုင်း'** ဇာတ်ကား။

ပွဲကျောင်းသား ပေါက်ကျိုင်း ဇာတ်ကားမှ မော့စ်နှင့် ရွှေရှုဝံတို့၏ ထိုးသတ်ဟန်။

ဇာတ်ကား။ စိုးမိုးဗီဒီယိုမှ ဒါရိုက်တာ ကြည်သာ(ပွဲကြိုက်ခင်)ရိုက်ကူး၍ဆိုကရေးတီးရင်သွေးငယ်လေးများ ပါဝင်သော **'ရွှေပွဲတော် အငြိမ့်'**ဇာတ်ကား။ ဆုဗီဒီယိုမှ ဒါရိုက်တာ နီကိုရဲရိုက်ကူး၍ ရာဇာနေဝင်း၊ ပွင့်နဒီမောင်၊ မေကဗျာနှင့် ပုလဲဝင်းတို့ပါဝင်သော **'ပါးပါးလေးနဲ့ အပြင်းပြေ'** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ဇော်ထွန်းရိုက်ကူး၍ နိုင်ထက်ဦး၊ လင်းဇာနည်ဇော်တို့ပါဝင်သော **'စောရမိုးဟိန်း'** ဇာတ်ကား။ စိန်ပန်းမင်းဗီဒီယိုမှ ဒါရိုက်တာ စိန်လွင်ရိုက်ကူး၍ မင်းဟိဏ်း၊ ပိုးဖြူနှင့် ပွင့်နဒီမောင်တို့ ပါဝင်သော **'ဆံပင် ပေါက်ဆေး'**၊ **'ခိုးတုန်းကတော့ မိန်းမ'** ဇာတ်လမ်းတိုများ ဇာတ်ကား။ စုပါနိုင်း ဗီဒီယိုမှ ဒါရိုက်တာစိန်သံမဏိရိုက်ကူး၍ မော့စ်၊ ရွှေရှုဝံနှင့် စိုင်းသီဟတို့ပါဝင်သော **'ပွဲကျောင်းသား ပေါက်

ကျိုင်း'** ဇာတ်ကား။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာမဟာရိုက်ကူး၍ အာကာမြင့်မောင်၊ မန်းဝင်း၊ ကျော်ထူးနှင့် ငြိမ်းချမ်းတို့ ပါဝင်သော **'တိုင်းလုံးကျော်အငြိမ့်'**ဇာတ်ကား။

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ အေးကျော်ရိုက်ကူး၍ နေထက်လင်း၊ လင်းဇာနည်ဇော်တို့ပါဝင်သော **'လူဆိုးတစ်ယောက်၊ လူကောင်းတစ်ယောက်'** ဇာတ်ကား။ ဆုတူးဆင့် ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေမြန်မာ ရိုက်ကူး၍ ကင်းကောင်၊ ဆုမြတ်ရွှေစင်နှင့် ရာဇာပေါက်စီတို့ပါဝင်သော **'လေးမွန်၊ ထွေးမွန်၏ မုန်းပစ်'** ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး၍ နေမျိုးအောင်၊ ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **'ဆန့်ကျင်ဘက်ရလဒ်'** ဇာတ်ကားများ ဖြန့်ချိမည် ဖြစ်သည်။

အငြိမ့်၊ ဟာသဇာတ်လမ်းနှင့် အချစ်၊ ဘဝအကြောင်းအရာစုံလင်စွာ ရိုက်ကူး ပြသကြသည်ကို တွေ့ရသည်။ ။ **(မြန်မာ့အလင်း)**

ဆန့်ကျင်ဘက်ရလဒ်ဇာတ်ကားမှ နေမျိုးအောင်နှင့် ကြည်လဲ့လဲ့ဦးတို့၏ သရုပ်ဆောင်ဟန်။

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဩဂုတ် ၁၆ရက်က နာရီစင်ပန်းခြံအတွင်း သစ်ပင်စိုက်ပျိုးခြင်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင် (၂၀၀၄-၂၀၀၅) ခုနှစ်အတွက် ဖွင့်လှစ်မည့် အောက်ဖော်ပြပါ သင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးထံသို့ (၁၅-၁၀-၂၀၀၄)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း Nautical Cadet
(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း Engineering Cadet

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများပါဝင်သော ဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး ၃၆၀ ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်**
(က) ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။
(ခ) အရပ်အမောင်း (၅ ပေ ၄ လက်မ) အနည်းဆုံးရှိရမည်။
(ဂ) ကိုယ်အလေးချိန် ပေါင်(၁၀၀) အနည်းဆုံးရှိရမည်။
(ဃ) ရင်အုပ် (၃၂ လက်မ) နှိုက်နေစဉ်ထား အနည်းဆုံးရှိရမည်။
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းမပါ)

၄။ **ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။**
(က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊
(ခ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)၊
(ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ **လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။**
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်၊ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်၊
(ဂ) နိုင်ငံသားစိစစ်ရေးအမှတ်၊
(ဃ) မွေးနေ့သက္ကရာဇ်၊
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်၊ ခုံအမှတ်၊ မြို့နယ်တိုင်းဘာသာရပ်အလိုက် ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်၊
(ဆ) အဖအမည်နှင့်အလုပ်အကိုင်၊
(ဇ) အမိအမည်နှင့်အလုပ်အကိုင်၊
(ဈ) နေရပ်လိပ်စာအပြည့်အစုံ၊
(ည) ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ၊

၆။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**
(က) လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာ မူရင်းတင်ပြရမည်၊ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်၊
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း၊ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတ်ခံဝန်ချက်၊ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
(စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်းပညာသိပ္ပံ၏စိစစ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံ စာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်၊ သတ်မှတ်သည့် ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မှန်မှန်ကန်ကန်ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများ၊ အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့်လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းခံရသူများထံသို့ ရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခု ပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည် မဟုတ်ပါ။

၁၂။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ် (၅၃၆၀၆၆၊ ၅၃၆၀၃၈၊ ၅၃၉၄၆၄၊ ၅၃၉၄၆၅)၊ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပဟန်းမြို့နယ်
(၂၀၀၃-၂၀၀၄) ပညာသင်နှစ် အစရိယပူဇော်ပွဲ

အထက(၂)ဗဟန်း (၂၀၀၃-၂၀၀၄)ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၀-၉-၂၀၀၄ (သောကြာနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၁:၀၀ နာရီ။
ကျင်းပမည့်နေရာ - ဘုရားဆောင်ခန်းမ (အဆောင်-၁) အထက(၂)ဗဟန်း၊

အစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့။

လေလံကြော်ငြာ

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ ငါးရှဉ့်(အရှင်)များကို အောက်ပါနေ့ရက်/အချိန်တွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ဝင်စားသော ပြည်တွင်းကုမ္ပဏီအဖွဲ့အစည်းများ၊ တိုင်းရင်းသားစီးပွားရေး ပုဂ္ဂလိက လုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်သည်။
(က) **ကျင်းပမည့်ရက်** ၁၀-၉-၂၀၀၄
(ခ) **ကျင်းပမည့်အချိန်** (၁၀:၀၀)နာရီမှ (၁၃:၀၀) နာရီအထိ
(ဂ) **ကျင်းပမည့်နေရာ** ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းရုံး၊ အနော်ရထာကြို့ကုန်း၊ အင်းစိန်။

လေလံစည်းကမ်းနှင့်သိလိုသည့်အချက်များကို ရုံးချိန်အတွင်း အသင်းရုံးတွင် လာရောက်စုံစမ်းနိုင်သည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှု

ဒေါ်ငွေစုံ	နှင့်	၁။ ဒေါ်ငွေပုံ
ကြက်တည်ဘုရားလမ်း၊		၂။ ဒေါ်ငွေအောင်
ပင်ရွာ၊ သံဖြူဇရပ်မြို့နယ်		၃။ စိန်အောင်ကြည်
		၄။ ဒေါ်ပုလဲစီ (ကြက်တည်ဘုရားလမ်း၊ ပင်ရွာ၊ သံဖြူဇရပ်မြို့နယ်။)
		၅။ မချို(ဘ)ဦးထွန်းကြို အနောက်ပိုင်းရပ်၊ပင်ရွာ၊ သံဖြူဇရပ်မြို့နယ်
		၆။ ဒေါ်အုံးမေ ငှက်ပျောတောရွာရေးမြို့နယ်
တရားလို		တရားပြိုင်များ

တရားပြိုင်စိန်အောင်ကြည် (ယခင်ကြက်တည်ဘုရားလမ်း၊ ပင်ရွာ) တရားပြိုင်မချို(ဘ)ဦးထွန်းကြို (ယခင်အနောက်ပိုင်းရပ်၊ပင်ရွာ) တရားပြိုင် ဒေါ်အုံးမေ (ယခင် ငှက်ပျောတောရွာ၊ရေးမြို့နယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုများက အမွေပုံဖွဲ့၍ စီမံခန့်ခွဲအုပ်ချုပ်ခွင့် ပေးစေလိုမှုကို စွဲဆိုထားသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်ကို ဖြေဆိုပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရှိ၊ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့် အချက်များကို ဖြေဆိုပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၆ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၃ ရက်)နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားခွင့်ဆိုချက်ကို ရှင်းလင်းစေရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့လာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်၍ အမှုအားဆက်လက် ဆောင်ရွက်သွားမည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ဝင်းငွေ (အယ်လ်အယ်လ်ဘီ)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး။

သတိပေးတားမြစ်ခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ရာဇီယာ(ခ)ယုယုမြင့်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၈၆/၁၁ဟုခေါ်တွင်သော တိုက်ခန်းနှင့်တည်ရာမြေမှာ အီးအီးဒါဝတ်ဂျီ အမည်ပေါက် ပိုင်ဆိုင်သောပစ္စည်းများဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်မှာ အီးအီးဒါဝတ်ဂျီ၏သား အိုင်အီးဒါဝတ်ဂျီ၏ သမီးဖြစ်၍ အထက်ဖော်ပြပါပစ္စည်းများမှာ ကျွန်ုပ်အမှုသည်၏ အမွေဆိုင်ပစ္စည်းများ ဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်၏သဘောတူခွင့်ပြုချက်မဲ့ ကျန်အမွေဆိုင်များမှ အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကန့်ထရိုက်တိုက်သစ် ဆောက်လုပ်ခြင်းများ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ သွားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း B.Sc, H.G.P, R.L II
အထက်တန်းရှေ့နေ
အမှတ် ၁၇၊ ၁၀၁လမ်း၊ ဗိုလ်မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ
Computerised Accounting Course ၁၀ပတ် - (၁၅၀၀၀ိ/)
စာရင်းကိုင်ပညာအခြေခံနှင့် Accpac Plus Software တို့ကိုတစ်ခု တစ်စည်းထည်း သင်ကြားပေးသည့်သင်တန်းဖြစ်ပါသည်။
Budget Training Program
Basic Accounting Course ၁၃ပတ်-(၅၀၀၀ိ/-)
တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများနှင့် စာရင်းရေး၊ စာရင်းကိုင်ပညာ (BasicAccounting) ကို အခြေခံမှစ၍ လွှမ်းခြုံမိနိုင်စွာ ထိရောက်စွာ သင်ကြားပေးပါသည်။
တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။
ဖုန်း - ၃၈၂၉၈၈၊ ၃၅၅၂၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ(US Dollars)/ယူရို(Euro) ငွေဖြင့် ဝယ်ယူလို၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)15/MR(ML) 2004-2005	Rolled Steel Locomotives Steel Tyre (Rough Turn) for Diesel Electric Locomotives	529-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၆-၁၀-၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၉-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၅၊ ၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂။

750KVA မှ 1000KVA Generator ဝယ်/ငှား လိုသည်။ ဆက်သွယ်ရန် (09-80- 23006)

အမည်ပြောင်း

ဦးမျိုးအောင်၏သမီး မသင် ဓ ၁၂/ဒဂမ (နိုင်) ၀၁၈၈၀၆ အား မသီရိအောင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မသီရိအောင်။**

ကိုသန်းနိုင် (သန်းလေး)

အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊ ထောက်ကြန့်မြို့နယ်၊ ရဲစုကျေးရွာ (မြောက်ပိုင်း) နေ ဦးတင်ထွန်း-ဒေါ်သင်းထိုက်တို့၏သားငယ်၊ ဦးမျိုးနိုင်-ဒေါ်ယဉ်ယဉ်ကျေး (ရွှေကိုတိုင်ကလေး(ပြုရေးဌာန) ဦးဘုန်းနိုင်-ဒေါ်ခင်နွယ်ဝင်း၊ ဦးရဲထွင်(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ထွန်းမြတ်မြတ်မွန်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးဆန်းနိုင်ထွန်း-ဒေါ်ချယ်ရီ (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)တို့၏ညီမောင်၊ မောင်မျိုးဇော်သူ၊ မောင်လင်းဇော်သူ၊ မောင်အေးချမ်းသူ၊ မောင်ရိုးမိုး၊ တို့၏ဦးလေးသည် ၃-၉-၂၀၀၄ ရက် နံနက် ၆:၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၎င်းနေ့ မွန်းလွဲ ၁နာရီတွင် ရဲမြောက်ပိုင်းကျေးရွာရှိသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၅၅၆၄၅၊ ၂၅၅၆၄၂။

ဒေါ်စောစိန်
(စလင်း၊ စကု)
အသက်(၆၉)နှစ်

မကွေးတိုင်း၊ စလင်းမြို့၊ မြင်ဒင်ရပ်နေ ကယားပြည်နယ် ဒေသပါတီကော်မတီဥက္ကဋ္ဌဟောင်း ဦးလှစိုး၏ဇနီး၊ မကြေးမုံစိုး၊ ကိုဗညားစိုး-ဒေါ်သင်းသင်းဇော်၊ ကိုကျော်စွာစိုး-ဒေါ်မေသက်ထွန်း၊ မလှမိုင်စိုး၊ မောင်ဇော်မန်းစိုးတို့၏မိခင်၊ ဦးသန်းရွှေ-ဒေါ်ငွေမှိန်(ဆီစက်)တို့၏သမီး၊ ဒေါ်စိုးစိုး(ဆီစက်)၏ညီမ၊ ဦးမောင်မောင်လေးနှင့် ဒေါ်မေမေသန်းတို့၏အစ်မ ဒေါ်စောစိန်သည် ၆-၉-၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
မောင်ဟိန်းမြတ်မင်း
Dip in ECC, Ngee Ann Polytechnic, Singapore
အသက်(၂၄)နှစ်

၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားသော မောင်ဟိန်းမြတ်မင်း၏ ဈာပနကိစ္စအဝဝအတွက် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးချစ်ရွှေ (တောင်ကြီးမြို့)
အသက်(၈၄)နှစ်

အမှတ် ၈၁၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ ဦးကြည်ဝင်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသိန်းဦး(သစ်တောဦးစီးဌာန)၊ ကိုဇော်လွင်ဦး-ဒေါ်အေးအေးသန်း(ရွှေသရဖူရွှေပန်းထိမ်)၊ ကိုမောင်မောင်လွင် - ဒေါ်နန်းကေသီအောင်၊ မသီသီလွင်၊ ကိုစိန်မြင့်-မအေးမြင့်လွင်(ရွှေသရဖူ ရွှေပန်းထိမ်)၊ ကိုကြည်ဝင်းလွင်တို့၏ဖခင်၊ မြေးရစ်ယောက်တို့၏အဘိုးသည်၆-၉-၂၀၀၄ရက်နံနက်၈း၂၀ နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းရီ
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုန်းခင်-ဒေါ်စန်းရင်)တို့၏သမီး၊ ဦးစန်းမြင့်-ဒေါ်စန်းရီတို့၏ညီမ၊ အမှတ် ၁၇၁၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးမင်းဟန်)၏ဇနီး၊ ဦးခင်မောင်ဟန်-ဒေါ်ဥမ္မာရင်၊ ဦးတင်မောင်ဟန်-ဒေါ်ခင်ဆွေဆွေ (နေလင်းထွန်း ရတနာရောင်းဝယ်ရေး)၊ ဒေါ်မင်းမင်းဟန်(မ-၃၊ ပန်းဘဲတန်း)၊ ဦးဆန်နီမင်းဟန် (3/E Neptune Co., ခေတ္တ-စင်ကာပူ)၊ ဦးသန်းကျော်ဟိန်း (WU Park Hein)-ဒေါ်ခင်သီရိမင်းဟန်တို့၏မိခင်၊ မောင်ပြည့်ဖြိုးဟန်၊ မောင်နိုဦးဟန်(Korea Maritime University)တို့၏အဘွားသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာကြီး ဦးဝင်းရှိန်
ကျောင်းအုပ်
(အလက၊ဂျားမား၊သန်လျင်)
အသက်(၅၈)နှစ်

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ နေပြည်တော်လမ်းနေ (ဦးကြင်ရွှေ)-ဒေါ်အေးလှတို့၏သားကြီး၊ သန်လျင်မြို့၊ ဂြိုဟ်တုဆက်သွယ်ရေးဝင်းနေ ဒေါ်ကြူကြူတင် (အထက-၄၊ သန်လျင်)၏ခင်ပွန်း၊ ဒေါ်ညွန့်မေ၊ ဦးကျော်ဝင်း-ဒေါ်စန်းနွဲ့၊ ဒေါ်သိန်းကြည်၊ ဒေါ်လှလှရွှေ၊ ဦးနေဝင်း၊ ဦးသိန်းဝင်း၊ ဦးကျော်အောင်ဝင်း - ဒေါ်အေးအေးမိုးတို့၏အစ်ကိုကြီးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် သန်လျင်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်ဆေးရုံမှ ပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဖုန်းမြင့်ကျော်(ခ)ကိုဘိုဘို
B.Sc (Physics)
အသက်(၃၂)နှစ်

ပဲခူးတိုင်းအနောက်ပိုင်း၊ ဇီးကုန်းမြို့ သစ်ထုတ်လုပ်ရေး လုပ်ငန်းဝင်းနေ ဦးကျော်ခိုင် (လ/ထမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း) - ဒေါ်ညွန့်ညွန့်ဆွေ(ဆရာမ၊ငြိမ်း)တို့၏သားကြီး၊နတ်တလင်းမြို့၊ ပညာဂုဏ်ရည်လမ်းနေ ဒေါ်ခင်ရီ (ဆရာမ၊ ငြိမ်း)၏တူ၊ မဆွေဇင်အိ၊ ကိုလှုအေး-ဒေါက်တာအေးမီထွန်း၊ကိုလှုမွှေးတို့၏အစ်ကိုသည် ၅-၉-၂၀၀၄ရက် ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် နတ်တလင်းမြို့ နေအိမ်မှ အနောက်ပေါက်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ခတီဂျာ(ခ)ဒေါ်တီ
အသက်(၇၈)နှစ်

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ မြို့တွင်းလမ်း၊ အမှတ် ၁၃၂ နေ (ဦးနျူရိုဟတ်)၏ဇနီး၊ ဒေါ်သန်းမြ(ကုန်/သွယ်၊ ငြိမ်း)၊ ဟာဂျီဦးတင်ဝင်း(အလပြ၊ ငြိမ်း)-ဒေါ်နုနုတင်၊ ဒေါ်အေးမြ(နှစ်ရှည်၊ ငြိမ်း)၊ ဒေါ်အေးလှ(အထက-၂)၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ခင်နိုင်(အလက-၃)၊ ဒေါ်မာမာဖြူ (မောင်ခင်မောင်ထွေး)၊ မစုစုခိုင် (MSc,Q)တို့၏မိခင်၊ မအိချစ်စုအောင်၊ မခိုင်ခိုင်ဝင်းတို့၏အဘွားသည် ၅-၉-၂၀၀၄ရက် ည ၉း၂၀ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၉-၂၀၀၄ရက် ဇိုဟိုရ်အပြီး၌ထားဝယ်မြို့ စွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးတင်အောင်(ခ)
မိုဟာမက်အလီ
မြို့နယ်ပညာရေးမှူး(ငြိမ်း)
သန်လျင်မြို့
အသက်(၇၆)နှစ်

သန်လျင်မြို့၊ အမှတ် ၅၊ သဲလမ်း၊ အမှုထမ်းရပ်ကွက်နေ (ဒေါ်ခင်စု)၏ခင်ပွန်း၊ ဒေါ်စုစုအောင်၊ ဒေါ်စိုးစိုးအောင် (အမက၊ ဗဟိုမှုလွန်)၊ ဒေါ်လွင်လွင်အောင်(အထက-၂)၊ ဒေါ်ထွေးထွေးအောင်(အမက၊ကွမ်းခြံကုန်း)တို့၏ဖခင်သည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၀ နာရီတွင် သန်လျင်မြို့ နေအိမ်၌ အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ထိုနေ့ဇဟိုရ်နမာတ်အပြီးတွင် သန်လျင်ဒါရ်ဂါကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမေ (ဒေါ်ခွေးမ)
အသက်(၅၇)နှစ်

ဦးလှသွင်-ဒေါ်သန်းခင်တို့၏သမီး၊ ဦးမောင်ကြည်(ခ)ဦးကြည်လွင်၏ဇနီး၊ ဦးကျော်မင်း-ဒေါ်သန်းသန်းဝင်း၊ ဦးငွေမင်း၊ ဦးညိုမင်းဟန်တို့၏မိခင်၊ မောင်ဟိန်းသူဝင်း၏အဘွားဖြစ်သူ ဒေါ်အုန်းမေသည် ၆-၉-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၁၃၁၅၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဦးမြင့် (အလုံ)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်၊ရှမ်းကုန်းလမ်း၊တိုက်အမှတ် ၂၀/၂၂၊ အခန်းအမှတ် ၆(က)နေ ဦးမြင့်သိန်း - (ဒေါ်လှကြည်)တို့၏သားကြီး၊ မဝါဝါအောင်၏ခင်ပွန်း၊ မကြည်ဖြူစင်၏ဖခင်၊ ဦးကြင်ညွန့်-ဒေါ်သန်းသန်းဆွေ၊ ဦးဆောင်-ဒေါ်ငွေငွေမာ၊ ဦးစိုးဝင်း-ဒေါ်မာမာဆွေ၊ (ဦးခင်မောင်လတ်)-ဒေါ်သင်းသင်းဆွေ၊ ဦးမြင့်လွင်-ဒေါ်စုစုမြင့်၊ ဦးသန်းအောင်-ဒေါ်သီတာမြင့်တို့၏အစ်ကို၊ တူ တူမ ၁၂ ယောက်တို့၏ဦးလေးသည် ၆-၉-၂၀၀၄ရက် နံနက် ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေစက်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်မြညွန့် (ရွှေကူမြို့)
အသက်(၈၀)

မန္တလေးမြို့၊ အမှတ် ၇ (စိမ်းလဲ့မြိုင်ခြံ)၊ ၂၇ လမ်း၊ (၆၅ x ၆၆ လမ်းကြား)နေ (ဦးဝိန်-ဒေါ်တင်ရီ)တို့၏ညီမ၊ မေ့ဆေးဆရာဝန်ကြီး Dr.ဦးတင့်လွင်(ငြိမ်း)-ဒေါ်မြင့်ကြည်၊ ဦးမြင့်စိန်-ဒေါ်မဋ္ဌုလတ်၊ ဦးမြတ်သူ(ညွှန်ကြားရေးမှူး၊ တိုင်းတာဝန်ခံ၊ စီမံကိန်းရေးဆွဲရေး၊ စီမံ/စီးပွားဝန်ကြီးဌာန၊ မန္တလေးတိုင်း)-ဒေါ်မြင့်ရည်၊ Dr.ဦးမျိုးမြင့် (M.B.,B.S), (Ph.D, U.S.A & U.K)-ဒေါ်မြင့်မြင့်တင်တို့၏အဒေါ်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားလေးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၈း၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကွင်းတုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်ခင်ခင်ရီ(ခ)ဒေါ်ကြူရှုလင်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၂၉၂/B၊ အခန်း ၄/၅နေ(ဦးဗိုးကင်ကြုံး)၏ဇနီး၊ဦးအောင်သန်း(ခ)လီအဖုတ် - ဒေါ်အေးအေးဝင်း(ခ)ဗိုးငွတ်ဖိန်း၊ ဗိုးမိန်ဖောင်း၊ (ဦးခွန်စိန်)-ဒေါ်သန်းသန်းဝင်း(ခ)ဗိုးငွတ်ကင်၊ အိုင်ရင်း(ခ)ဗိုးငွတ်ဟိုင်၊ ဗိုးမိန်ကောက်-မချို၊ ဗိုးမိန်လီ(ခ)မောင်ဘလှ-နော်သလဲဖောတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၆-၉-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မို
အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၇၅၁ နေ (ဦးရွှေလှ-ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ (ဦးကြည်ဆွေ)၊ ကိုအေးလွင်၊ ကိုဇော်ဝင်းနိုင်-မခင်မာလွင်၊ ကိုမြတ်ဆွေ-မကြွယ်ကြွယ်၊ မချိုမာလွင်၊ ကိုအောင်မျိုးဆွေ၊ ကိုကျော်မျိုးလှိုင်တို့၏မိခင်၊မြေး ၁၀ ယောက်တို့၏အဘွားသည် ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးစိုးမြင့် (သုံးခွမြို့)
ဝယ်ရောင်းမန်နေဂျာ(ငြိမ်း)
ကုန်သွယ်/လယ်ယာ
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၉)ရပ်ကွက်၊ အမှတ် ၁၇၄ နေ ဦးလှမောင်-ဒေါ်သီတို့၏သားကြီး၊ ဒေါ်သန်းအေး(ကောင်းမြတ် သ/မအသင်း)၏ခင်ပွန်း၊ မောင်စိုးဦး-မလှလှမြိုင်(အမက-၁၁၊ သုံးခွမြို့)၊ မသန်းသန်းဦး(လ/ထ ကထိက၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မညိမ်းညိမ်းလွင် (MSc. Eng, Math)တို့၏ဖခင်၊ မောင်အောင်ခိုင်ဖြိုး၏အဘိုးသည် ၆-၉-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဇော်မျိုးလင်း
အသက်(၃၄)နှစ်

ပဲခူးတိုင်း၊ သုံးဆယ်မြို့နယ်၊ ငဖြူလေးကျေးရွာနေ ဦးအောင်သင်း-ဒေါ်စန်းအေးတို့၏သား၊အမှတ် ၈၁၆၊ထူပါရုံ ၁၅ လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးအောင်ကျင်-ဒေါ်ကြည်တို့၏သားသမက်၊ မခင်မျိုးသက်၊ မောင်သက်ဇင်ထွေး၊ မသူသူအောင်တို့၏အစ်ကို၊ မဖြူဖြူအောင်(J.C.Bစက္ကူပုံးစက်ရုံ)၏ခင်ပွန်းသည် ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှကြွေ (လှော်ကား)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၅၀၊ တံတားဖြူကန်လမ်းနေ (ဦးမောင်လွင်-ဒေါ်စောမြ)တို့၏သမီး၊ ဦးလှမောင်(အင်ယားကန်ဟိုတယ်၊ ငြိမ်း)၏ဇနီး၊ ဒေါ်သန်းငွေ၊ ဦးစောသိန်း-ဒေါ်အေးအေးသန်း(၆/၉၉၊ စိန်ပန်းပြာ၊ မျက်နှာစာတန်းနှင့် Ever One အနောက် A ရုံ၊ ဗိုလ်ချုပ်ဈေး)၊ ဦးစံထူး၊ဒေါ်နီနီလှ(လှိုင်သာယာ)၊ဦးမင်းလွင်(New Asia Co., Ltd.)-ဒေါ်မိုးမိုးသန်း၊ ဦးတင်မောင်ဦး-ဒေါ်သန်းသန်းဝင်း၊ ဒေါ်နီလာဝင်း(Sun Far Co., Ltd.)တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၆-၉-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၉-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဟန် (ထန်းတပင်)
(မြို့နယ်ရေကြောင်းကိုယ်စားလှယ်၊ ပြည်တွင်းရေကြောင်းဦးစီးဌာန)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ် ၂၊ မင်္ဂလာလမ်း၊(၁၆)ရပ်ကွက်၊ဘောက်ထော်၊ ပြည်သာယာနေ (ဦးဘစိန်-ဒေါ်စိန်စိန်)တို့၏သား၊ ဒေါ်မြင့်မြင့်ဝင်း-ဗိုလ်မှူးတင်မောင်လှ(ငြိမ်း)၊ ဦးကံအေးဝင်း-ဒေါ်တင်တင်မေတို့၏ညီ/မောင်၊ ဦးခင်မောင်ဝင်း-(ဒေါ်စဝ်စိန်မြ)၊ (ဒေါ်စိန်သန်းဝင်း)၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်အေးသန်းတို့၏အစ်ကို၊ တူ တူမ ၁၂ ယောက်တို့၏ဘကြီး/ဦးလေးသည် ၆-၉-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ရဟန်းဒါယကာကြီး
ဦးဟန်သိန်း (မြောင်းမြ)
စီးပွား/ကူးသန်း(ငြိမ်း)
အသက်(၆၀)

မြောင်းမြမြို့နေ (ဦးသွယ်လေး-ဒေါ်မမလေး)တို့၏သား၊(ဦးသိန်းကြည်)၊ ဒေါ်ခင်ခင်၊ (ဦးသိန်းဝင်း)၊ ဦးသိန်းဟန်၊ (ဦးလှသိန်း)၊ ဒေါ်ရင်ရင်၊ ဒေါ်ခင်နွဲ့တို့၏ညီ/မောင်၊ ဒေါ်ခင်လှ၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ ၁၁ လမ်း၊ အမှတ် ၁၀၅ နေ ဒေါ်ခင်မာတင် (SAT၊ အထက-၄၊ မ/ဥက္ကလာပ)၏ခင်ပွန်းသည် ၅-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇော်မင်း
(လ/ထ လဝကမှူး)
အသက်(၃၇)နှစ်

လားရှိုးမြို့၊(၇)ရပ်ကွက်၊နယ်မြေ ၉၊ အောင်ရတနာလမ်းနေ၊ ဦးအောင်မင်း-ဒေါ်အမာတို့၏သား၊ ဒေါ်ညိုတင်၏တူ၊ ဦးကိုကိုနိုင်-ဒေါ်သန်းသန်းနု၊ ဒေါ်မြင့်မြင့်အေးတို့၏ညီ/မောင်၊ ဦးဝင်းထွန်း(B.V.S)-ဒေါ်ဝင်းဝင်းမာ(ဒု/ဦးစီးမှူး၊ လားရှိုးခရိုင်စီမံကိန်းဦးစီးရုံး)၊ ဒေါ်မာမာအောင်(ပြည်နယ် လဝကရုံး၊ လားရှိုး)တို့၏အစ်ကို၊ တူ တူမ ငါးယောက်၏ဦးလေးသည် ၃၁-၈-၂၀၀၄ရက် ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၄ရက် ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ လမ်း ဒါယိကာမကြီး
ဒေါ်လှတင်
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊အမှတ် ၇၇၆(ခြောက်လွှာ)နေ (ဦးဘတင်)၏ဇနီး၊ (ဒေါ်တင်ရွှေ-ဦးကြည်)၊ ဒေါ်မမကြီး၊ ဦးအုန်းညွန့်(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)-ဒေါ်ကြင်လွမ်း(အာရှတော်ဝင်အထူးကုဆေးခန်း)တို့၏မိခင်၊ဦးတင်ဝင်းမောင်(မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျိုက်လတ်မြို့)-ဒေါ်ခင်မြင့် (ကျိုက်လတ်မြို့နယ် သမဦးစီး၊ ငြိမ်း)၊ မခင်စိုးမိုးညွန့်၊ ဒေါက်တာပြုံးဝင့်ညွန့်၊ မောင်သက်တင်ညွန့်-မလတ်လတ်စိုး၊ မောင်မျိုးမြင့်ညွန့်တို့၏အဘွားသည် ၆-၉-၂၀၀၄ရက် ညနေ ၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်လေးရှင် (မကွေးမြို့)
အသက်(၇၈)နှစ်

မကွေးမြို့နေ (ဦးငြိမ်း-ဒေါ်ရွှေသင့်)တို့၏သမီး၊ မကွေးမြို့၊ ဆားစေ့ရပ်နေ ဒေါ်နုနုစိန်(အငြိမ်းစား၊ မြို့နယ်ပညာရေးမှူး)၊ ဒေါ်လေးတင်တို့၏ ညီမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ ၃ လမ်း၊ အမှတ် ၅၅၀ နေ (ဦးစိန်မောင်ရီ၊ အငြိမ်းစား၊ ဒုတိယလက်ထောက်ညွှန်မှူး၊ သမဝါယမဦးစီးဌာန)၏ဇနီး၊ ဒေါ်ခင်ဆွေဦး-ဦးဘသန်းချိန်၊ ဒေါ်သင်းသင်းမြတ်-ဦးသန်းထွန်း၊ ဒေါ်ခင်ခင်အေး-ဦးမြင့်သိန်း၊ ဦးစိုးလှထွန်း(M.P.P.E)-(ဒေါ်အေးအေးသန်း)၊ ဦးမင်းညို-ဒေါ်စိုးစိုးမိုးတို့၏မိခင်၊ ဒေါ်ခင်ခင်သန်း၏အဒေါ်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၉-၂၀၀၄ရက် ည ၁၀း၀၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးတင်အောင်
သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ(ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပန်းဒင်းတန်း၊ အမှတ် ၆၇၃ နေ (ဦးကြင်-ဒေါ်စောရင်)တို့၏သားထွေး၊ ဒေါ်လှရီ၏ခင်ပွန်း၊ (ဦးသန်းလှ)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ရီရီမြင့်(စာရင်းစစ်ချုပ်ရုံး) - ဦးခင်မောင်ဝင့်(စား/ဖျော်)၊ ဒေါ်အေးအေးမော်-ဦးစိုးဝင်း၊ ဒေါ်ခင်ခင်မော်(စာရင်းစစ်ချုပ်ရုံး)၊ ဦးခင်မောင်သန်း-ဒေါ်ချယ်ရီတို့၏ဖခင်၊ မဖြိုးအိခိုင်(ပနစ်၊ စီးပွားရေးတက္ကသိုလ်)၊ မောင်မျိုးထက်ကို(ထ-၃၊ကြည့်မြင်တိုင်)၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၁း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဘုန်းမောင်
ဌာနစုမှူး၊ ဘဏ္ဍာရေးဌာန
MEPE (ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၇၊ ၅ လမ်းနေ (ဦးသိန်းမောင်-ဒေါ်သိန်းရင်)တို့၏သား၊ ဦးကြီးငွေ-ဒေါ်သန်းအေး၊ ဦးရဲနိုင်-ဒေါ်သန်းချစ်၊ ဦးကျော်ဝင်း - ဒေါ်ဖြူဖြူသန်းတို့၏အစ်ကိုကြီး၊ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးမိုးလှိုင်ဦး - မသင်းသင်းနိုင်(IWT)၊ မမှုမှုနိုင်(DHP)၊မစန်းယုနိုင်(MEPE)၊ မောင်တင်အောင်ဇော် - မသူဇာဝင်း (ဟိုတယ်/ခရီး)၊ မခိုင်ဆွေသက်တို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၉-၂၀၀၄ရက် နံနက် ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တလုတ်မ(ခ)
ဒေါ်ငွန်လန် (ကျုံတနီး)
အသက်(၉၂)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးရွာနေ (ဦးအဝေး-ဒေါ်စိန်ညွန့်)တို့၏သမီး၊(ဦးဘိုးတုတ်)၏ဇနီး၊ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၈၊ အခန်း ၅ နေ ဦးစိန်ကြည်-ဒေါ်ခင်လှတို့၏မိခင်၊ ဦးတင်အောင်ဝင်း-ဒေါ်ခင်အေးမူ(ဗိုလ်ချုပ်ဈေးသစ်)တို့၏အဘွား၊ မခင်ချိုချိုဆင့်၏ဘွားဘွားကြီးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၉း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသိန်းချစ်(ခ)ဦးချစ်
(သုံးခွ-ညောင်လန်းကုန်း)
အသက်(၇၂)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာနေ (ဦးကျော်ညွန့်-ဒေါ်ကျေး)တို့၏သား၊ညောင်လန်းကုန်းကျေးရွာနေ(ဦးပု-ဒေါ်စိန်ခင်)တို့၏သားသမက်၊ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ ကိုတင်သန်း-မနီ၊ ကိုစိန်လှ၊ ကိုကျင်ထွန်း-မမြင့်သန်း၊ကိုတင်သောင်း-မငွေရီ၊ ကိုမြင့်စိန်-မခင်ခင်ငြိမ်း၊ ကိုခင်ချို-မမိုး၊ မောင်မျိုးလွင်-မအေး၊ မောင်ဖြိုးဝေ - မခင်လတ်လတ်ဝင်းတို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၉၊ နံ့သာကုန်း ၁ လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့ ဦးချစ်၏နေအိမ်မှ သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ခင်
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ပန်းတနော်မြို့နယ်နေ (ဦးစိန်ဖေ-ဒေါ်သိုမြ)တို့၏သား၊ (ဦးချစ်မောင်)၊ (ဒေါ်စိန်ဝိုင်း)၊ (ဒေါ်ကြည်)၊ (ဦးမြမောင်) - ဒေါ်မြသိန်းတို့၏ ညီ/မောင်၊ ဒေါ်မမှီ၊ ဒေါ်နန့်မြသန်း(မုံရွာ)တို့၏အစ်ကို၊ ကျုံပျော်မြို့နေ (ဦးအောင်မြင့်-ဒေါ်မယ်ဘု)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ နွယ်နီ ၁၃ လမ်း၊ အမှတ် ၄၈၃ နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဦးအောင်လွင်မြင့်(အထက-၄၊ မြောက်ဥက္ကလာပ)-ဒေါ်ခင်နန်းမြင့် (အမက-၈၊ မြောက်ဥက္ကလာပ)၊ ဦးလှမော်(ကပရ)-ဒေါ်ခင်မြင့်(ခ)မူချို(ငှ/ဒေသန္တရ)၊ ဒေါ်ခိုင်ရွှေဝါ (အလက-၈၊ မြောက်ဥက္ကလာပ)၊ ဦးကျော်ဝင်းမြင့်တို့၏ဖခင်၊ မဝင့်ရွှေရည်မွန်၊ မောင်လင်းထက်၊ မောင်အောင်ဘိုဇင်လတ်၊ မမေသဇင်မော်တို့၏အဘိုးသည် ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်စိုး
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၊ ၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးမောင်းမာ)-ဒေါ်အေးတို့၏သားသမက်၊ (ဦးထွန်းသောင်)-ဒေါ်မြငွေတို့၏သား၊ ဒေါ်မြမြဝင်း၊ (ဦးသိန်းဟန်)-ဒေါ်စိန်စိန်မွှေး၊ ဒေါ်ခင်အေး (ထ-၃၊ သာကေတ)၊ ဦးအောင်စိုး-ဒေါ်ခင်ငွေဝင်း(ရွှေမြင့်မိုရ်စက်မှုလက်မှု)၊ ဦးမြင့်ဦး-ဒေါ်အေးအေးမူ (အားမာန်စက်မှုလက်မှု၊ တောင်ဒဂုံ)တို့၏ညီ/မောင်၊ ဦးအောင်မျိုး-ဒေါ်သန်းသန်းမြင့်(လင်းလက် စားသောက်ဆိုင်)၊ မောင်ဇော်ဝမ်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ခိုင် (လ-၃၊ ပုဇွန်တောင်)၏ခင်ပွန်း၊ မမြတ်သင်းခိုင် (G-5၊ လ-၃၊ ပုဇွန်တောင်)၏ဖခင်သည် ၅-၉-၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အမေဝိုင်း(ခ)ဒေါ်ဝိုင်း
(တောင်ငူ)
အသက်(၈၆)နှစ်

တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ အမှတ် ၁၈/၅၊ စည်သူလမ်းနေ (ဦးသိန်းမောင်)၏ဇနီး၊ ဦးတင်မြင့်-ဒေါ်ဝင်းရီ(ထွေ/အုပ်၊ ငြိမ်း)၊ ဒေါ်အေးသန်းမြင့်(အထပြ၊ အထက-၁၊ တောင်ငူ)တို့၏ မိခင်၊ ဦးကိုကိုနိုင်(ဦးစီးအရာရှိ၊မုန်းဆည်မြောင်းတည်ဆောက်ရေး-၈၊ မကွေးမြို့)-ဒေါ်မြကေခိုင်ဝင်း၊ ဦးခိုင်ဇော်ဝင်းမင်း၊ ဦးခိုင်သော်ဝင်းမင်း(မြို့နယ်မြေစာရင်း၊ တောင်ငူ)-မအေးအေးခိုင်၊ ဦးသိန်းဝင်းထွန်း - ဒေါ်မြကေဇင်ဝင်း (နဝဒေးသကြားစက်၊ပြည်မြို့)၊ မမြတ်ရွှန်းလဲ့ရည်ဝင်းတို့၏အဘွား၊ မောင်စွမ်းထက်နိုင်၊ မမေသူခိုင်၊ မဆွေဇင်ဝင်းတို့၏ဘွားဘွားကြီးသည် ၅-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှတောင်ငူမြို့အနောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်လှမြင့်
(မြစ်ကြီးနား)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၇၂၊ သြဘာလမ်း၊ ကျောက်မြောင်းနေ (ဗိုလ်ကြီးဘချိန်၊ ငြိမ်း)၏ဇနီး၊ဦးလှမြိုင်-ဒေါ်ခင်သန်းသန်း၊ ဦးသန်းဝင်း-(ဒေါ်မြင့်မြင့်အုန်း)၊ ဦးမျိုးထွန်း(စစစ)-ဒေါ်တင်တင်ဦး၊ ဦးဆန်နီဇော်ထွန်း(မြန်မာ့လေကြောင်း)-ဒေါ်လှလှချိန်၊ (ဦးကျော်ဇင်)၊ ဒေါ်အက်စတာတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၆-၉-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၈-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၇၂၊ သြဘာလမ်း၊ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ချစ်တင် (ငြိမ်း)
အုပ်ချုပ်ရေးမှူး(ငြိမ်း)
မြို့တော်စည်ပင်
အသက်(၇၆)နှစ်

ကျိုက်ထိုမြို့၊ ကျိုက်ပိကျေးရွာနေ (ဦးဘိုးရုံး - ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ ခြံအမှတ် ၁ နေ (ဒေါ်လှရွှေ)၏ခင်ပွန်း၊ ဒေါ်မြနွဲ့၊ ဦးစန်းဦး-ဒေါ်တင်တင်ငွေ၊ ဦးအောင်နိုင်-ဒေါ်ခင်သီတာ၊ ဦးသန်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊နယ်စပ်/စည်ပင်)၊ဦးဝင်းမြင့် (ဌာနစုမှူး၊ မြေယာဌာန၊ မြို့တော်စည်ပင်)-ဒေါ်အေးအေးစံ၊ ဦးခင်ဇော်-ဒေါ်စိုးစိုးနွယ်တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသန်းမြင့် (ပြင်ဦးလွင်)
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)
အသက်(၆၃)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးအုန်းကျော်-ဒေါ်သိန်းတင်)တို့၏သားကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးလှဖေ-ဒေါ်အေးစု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တ/၇၇၊ မင်းရဲကျော်စွာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကိုဝင်းနိုင်၊ မအေးအေးသက်၊ ကိုရန်မျိုးနိုင်-မမီမီခင်၊ Dr. သန်းစိုးနိုင်၊ ကိုမျိုးချစ်-မခင်ချောစုလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၄-၉-၂၀၀၄ရက်(စနေနေ့) နံနက် ၁၀း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၆ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်ဇနီး ပါကစ္စတန်နိုင်ငံ တပ်မတော်နေ့ညစာစားပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်နိုင်ငံစစ်သံမှူး **Colonel Ihsan UI Haq** နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရေးအလုပ်ရုံဆွေးနွေး ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ(Suppression of Trafficking in Persons Law)သစ် တစ်ရပ်ပြဋ္ဌာန်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNIAP တို့ ပူးပေါင်းဖွင့်လှစ်သော အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်

စာမျက်နှာ ၁၁ ကော်လံ ၃ *

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာသထဲလမ်းလျှောက်

နိုင်ငံတကာအာကာသစခန်းယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ရုရှား-အမေရိကန် နိုင်ငံတကာအာကာသစခန်းယာဉ်မှူးများက စက်တင်ဘာ ၄ ရက်၌ ငါးနာရီကြာမျှ စခန်းယာဉ် အပြင်ဘက်သို့ ထွက်ကာ အာကာသထဲ၌ လမ်းလျှောက်ပြီး ပြုပြင်လုပ်ဆောင်ခဲ့ကြသည်။



(ယာပုံ)

(ဓာတ်ပုံ-အင်တာနက်)

ဖရန့်စ်ဟာရီကိန်းမုန်တိုင်း

ဖရန့်စ်ဟာရီကိန်း မုန်တိုင်းကြောင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် စက်တင်ဘာ ၅ရက် (တနင်္ဂနွေနေ့)၌ လေပြင်းများ တိုက်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ အိမ်အမိုးများကျွတ်ထွက်ကာ သစ်ပင်များ အမြစ်ပါကျွတ်ပြီး ပြိုလဲကျခဲ့သည်။



(ဝဲပုံ)မှာ ဖရန့်စ်ဟာရီကိန်း မုန်တိုင်း၏ဖွဲ့စည်းမှုအနေ အထားကို နိုအာ ဂြိုဟ်တုပေါ်မှတွေ့ရသည့်အနေအထားဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

(၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာပြေးခုန်ပစ်မောင်မယ်များ ရွှေကိုးခု၊ ငွေလေးခုဖြင့်အောင်ပွဲခံ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၆

စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၄ ရက်နှင့် ၅ရက်၌ ကျင်းပပြီးစီးခဲ့သည့် (၆၆)ကြိမ်မြောက် စင်ကာပူတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း (ဒါရိုက်တာ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်) ခေါင်းဆောင်သည့်

စာမျက်နှာ ၁၂ ကော်လံ ၁ ●

အမျိုးသမီးမီတာ ၁၅၀၀၊ မီတာ ၈၀၀၊ မီတာ ၄၀၀ လေးယောက် လက်ဆင့်ကမ်း ပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခုရ မြင့်မြင့်အေး။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အမျိုးသားမီတာ ၅၀၀၀ နှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲ ရွှေတံဆိပ် နှစ်ခုရ အောင်သီဟ။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့အလင်း

ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

❒ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုအနုပညာများ မတိမ်ကော မပပျောက်စေရေးအတွက် မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုများကို မပြတ်သော အမျိုးသားရေးသတိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းမြှင့်တင်။ ခေါင်းကြီး(စာ-၂)

❒ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ဒေသခွဲနှင့်ဒေသခွဲ အတွင်းရှိ နိုင်ငံများနှင့်ပူးပေါင်း၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

လမ်းမတော် ကျော်ခေါင်၏ မြန်မာ-အမေရိကန်နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း ဆောင်းပါး(စာ-၆)

❒ ၂၀၀၃ခုနှစ် မတ်လမှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀နီးပါးရှိလာ။ နိုင်ငံတကာသတင်း(စာ-၄)